ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၃၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၀၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၂.၄၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ၂၇-၇-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးဇာနည်အောင်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်နှင့် ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၉)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၁၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆက်ချိုင်ကျေးရွာရှိ ကုလက်ချောင်း လူကူးကြိုးတံတား ပေအရှည် (၃၅၀)ကို၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော်တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆက်ချိုင်ကျေးရွာရှိ ကုလက်ချောင်းလူကူးကြိုးတံတား ပေအရှည် (၃၅၀) ကို၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁) မဲဆန္ဒနယ်မှ ပလက်ဝမြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သည် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံးတွင် တည်ရှိပြီး ဒီကနေ့အထိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေဆဲ ဖြစ်ပါတယ်။ ဒေသတွင်းအုပ်စု တစ်အုပ်စုနှင့်တစ်အုပ်စု၊ တစ်ရွာနှင့်တစ်ရွာ သွားလာရာတွင် ရေလမ်း၊ ကုန်းလမ်းများဖြင့်သာ သွားလာရပါတယ်။ ယခုတင်ပြထားသော တံတားကို ရွာသူရွာသားများ နှစ်စဉ်နှစ်တိုင်း ဒေသထွက် သစ်လုံး၊ ဝါးလုံးများဖြင့် ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ အခုမြင်တွေ့နေရတဲ့ ကုလက်ချောင်း ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသောတံတား ဖြစ်ပါတယ်။ အဝေး မြင်ကွင်း ဖြစ်ပါတယ်။ နောက်တစ်ခု ဒါလည်းတံတားပေါ်မှ ဒေသခံပြည်သူများ ဖြတ်သန်းသွားလာသော မြင်ကွင်း ဖြစ်ပါတယ်။ ဒါလည်း အဲဒီအတိုင်းပဲ ဖြစ်ပါတယ်။ နောက်တစ်ခု ဟုတ်ကဲ့ပါ။ ယခုမြင်တွေ့နေရသောတံတားသည် လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခရီးစဉ်တွင် ကျွန်တော် ကိုယ်တိုင် ရိုက်ထားသော အမှတ်တရဓာတ်ပုံများပင်ဖြစ်ပါတယ်။ ပုံမှာ မြင်တွေ့နေရသည့်အတိုင်း မျိုးစိမ်းနောင် တံတားသည် ရွာသားများအတွက်တော့ အသက်သွေးကြောတစ်ခုပါပဲ။ တစ်နှစ်လျှင် နှစ်ကြိမ်ခန့် ဆောက်လုပ်ထားသော နှစ်လည်း ရှိခဲ့ဖူးပါတယ်။ အဆိုပါ တံတားပေါ်တွင် ဖြတ်သန်းသွားလာနေသော ဒေသခံပြည်သူများသည် မိုးရာသီရေလွှမ်းမိုးမှုကြောင့် တံတားပျက်စီးပါက ဝါးဖောင်များဖြင့် ကူးရပါတယ်။ ဒါသည်ပင် ကျေးရွာနေပြည်သူများအတွက် သွားလာရေးခက်ခဲ စေပါတယ်။

အဆိုပါတံတားအား နိုင်ငံတော်မှ တည်ဆောက်ပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်နေမိပါတယ်။ ကြိုးတံတား တည်ဆောက်ပေးပါက ပတ်ဝန်းကျင်တွင် နေထိုင်သော ကျေးရွာအုပ်စုပေါင်း(၆)အုပ်စု၊ ကျေးရွာပေါင်း(၁၇)ရွာထက်မက အကျိုးပြုစေမှာ ဖြစ်ပါတယ်။ ဝေးလံခေါင်သီသော ဒေသပြည်သူ များ၏ အခက်အခဲသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သလို နိုင်ငံတော်အနေဖြင့်လည်း လုပ်သင့် လုပ်ထိုက်သောလုပ်ငန်း ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများ၏ လူမှုရေးအဆင့်အတန်း မြင့်မားစေရေး၊ ကျန်းမာရေး၊ ပညာရေး၊ သွားလာရေး လွယ်ကူစေရေးအတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးပါရန် တောင်းဆိုပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆက်ချိုင်ကျေးရွာရှိ ကုလက်ချောင်း လူကူးကြိုးတံတား ပေအရှည်(၃၅၀) ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကုလက်ချောင်းကူး ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော တံတားမြင်ကွင်းပုံ (၈၈)



တံတားမြင်ကွင်းပုံ (၈၈-၁)



တံတားမြင်ကွင်းပုံ (၁၀-၂)



**ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်အတွင်းရှိ ကျွန်းကြီးကျေးရွာနှင့် ကင်းရွာအကြား ဇော်ဂျီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး က ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်အတွင်းရှိ ကျွန်းကြီးကျေးရွာနှင့် ကင်းရွာအကြား ဇော်ဂျီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်မမလေး ဖြစ်ပါတယ်ရှင်။ ကျွန်မမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်အတွင်းမှာရှိတဲ့ ကျွန်းကြီးကျေးရွာနှင့် ဆယ်ရွာကျေးရွာတွေဟာ လူဦးရေ(၃၂၀၀) ရှိပါတယ်။ မြို့ကြီးဆည် တည်ဆောက်စဉ်က ပြောင်းရွှေ့ခဲ့ရတဲ့ ကျေးရွာတွေ ဖြစ်ပါတယ်။ ကိုယ့်အိုးကိုယ့်အိမ် ကိုယ့်လယ်ယာ

မြေကို ခင်တွယ်ကြတဲ့ ကျေးရွာပြည်သူတွေဟာ စိတ်ဒုက္ခရာအနာတရဖြစ်ခဲ့ကြပြီး ဆင်းရဲပင်ပန်းစွာ ဘဝကို ရုန်းကန်နေကြရပါတယ်။ ဒါ့အပြင် လမ်းပန်းဆက်သွယ်ရေးအနေနဲ့လည်း ရွှာင်-ကျောက်ဆည် ကားလမ်းမပေါ်သို့ မြို့ကြီးဆည်အဝင်ဂိတ်မှ ဝင်/ထွက် သွားလာနေရတဲ့အတွက် အခက်အခဲနဲ့ ကြုံတွေ့နေရပါတယ်။

ဒါကြောင့် ကျွန်းကြီးနဲ့ ဆယ်ရွာကျေးရွာပြည်သူတွေရဲ့ဘဝ တိုးတက်စေဖို့အတွက်နှင့် ကျန်းမာရေးနဲ့ပတ်သက်လာရင် နေ့၊ ညအချိန်မရွေး ဆေးရုံဆေးခန်းသို့ သွားလာနိုင်စေရန်အတွက်၊ ပညာရေးအဆင့်အတန်း မြင့်မားလာစေရန်အတွက် ကင်းရွာနှင့်ကျွန်းကြီး ကျေးရွာအကြား ရေပြင်ကျယ် (၇၅)ပေနှင့် ချောင်းအကျယ်(၁၅၀)ပေရှိတဲ့ ဇော်ဂျီမြစ်ကူး သံကူကွန်ကရစ်တံတား တည်ဆောက်ပေး နိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးတင်း ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆက်ချိုင်ကျေးရွာရှိ ကုလက်ချောင်း လူကူးကြိုးတံတား ပေအရှည်(၃၅၀) ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆက်ချိုင် ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ဆက်ချိုင်ကျေးရွာနှင့် အထက်သဲမဝကျေးရွာအုပ်စုအတွင်းရှိ ကျောက်ခဲ ကျေးရွာတို့ကို ဆက်သွယ်ထားတဲ့ ကုလက်ချောင်း လူကူးကြိုးတံတား အရှည်(၃၅၀)ပေကို တည်ဆောက်မည်ဆိုပါက မြေပြင်ကွင်းဆင်း စစ်ဆေးချက်အရ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်မှာ ဖြစ်ပါတယ်။ ၎င်းဒေသမှာ ကျေးရွာအုပ်စု(၈)အုပ်စုရှိပြီးတော့ ကျေးရွာပေါင်း(၂၂)ရွာ ရှိပါတယ်။ အိမ်ခြေကတော့ (၁၆၇၇)လုံးရှိပြီးတော့ တိုင်းရင်းသားပြည်သူများရဲ့ လူနေမှုအဆင့်အတန်းများ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းများ မြင့်မားလာစေမည်ဖြစ်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ ဆက်ချိုင်ကျေးရွာသည် ကုလက်ချောင်း လူကူးကြိုးတံတား အရှည် (၃၅၀)ပေ တည်ဆောက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

ဒုတိယမေးခွန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး ရဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်အတွင်းမှာရှိတဲ့ ကျွန်းကြီးကျေးရွာနှင့် ကင်းရွာအကြား ဇော်ဂျီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားပါမယ်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်အတွင်းရှိ ကျွန်းကြီးကျေးရွာနှင့် ကင်းရွာအကြား ဇော်ဂျီမြစ်ကူးတံတားဟာ ကွင်းဆင်းစိစစ်ချက်အရ ပေ(၂၇၀) ရှိပါတယ်။ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကွန်ကရစ်တံတားများ တည်ဆောက်ပေးလျက်ရှိသည် ဆိုပေမယ့်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုနှုန်းထားများအရ တံတားတစ်ပေလျှင် (၁.၀၅)သန်းသာ ခွင့်ပြုခြင်းဖြစ်တဲ့အတွက် ပေ(၁၀၀) အထက် တံတားများအား ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါဘူး။

သို့ဖြစ်ပါ၍ ဇော်ဂျီမြစ်ကူးတံတား (၂၇၀)ပေ တည်ဆောက်ခြင်းလုပ်ငန်းမှာ ခွင့်ပြုရန်ပုံငွေနှုန်းထားအရသော်လည်းကောင်း၊ လုပ်ငန်းပမာဏအရသော်လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် တံတားအထူးအဖွဲ့များအဖြစ်သာ ဆောင်ရွက်သင့်သည့်လုပ်ငန်းဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရရဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။　　။ မေးခွန်း လာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာနှင့် ညောင်ပင်ကြီးကျေးရွာတို့ကို ဆက်သွယ်ထားသော ဥယျာဉ်တော်-ညောင်ပင်ကြီး မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။　　။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာနှင့် ညောင်ပင်ကြီးကျေးရွာတို့ကို ဆက်သွယ်ထားသော ဥယျာဉ်တော်-ညောင်ပင်ကြီး မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာနှင့် ညောင်ပင်ကြီးကျေးရွာတို့ကို ဆက်သွယ်ထားသော ဥယျာဉ်တော်-ညောင်ပင်ကြီး မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥယျာဉ်တော် - ညောင်ပင်ကြီး မြေသားလမ်းဟာ အုတ်တွင်းမြို့နယ်အတွင်းမှာရှိတဲ့ ရန်ကုန်-မန္တလေးလမ်းဟောင်းနဲ့ တောင်ငူ-ထန်းတပင်လမ်းတို့ကို ဆက်သွယ်ထားတဲ့ လမ်းတစ်လမ်း ဖြစ်ပါတယ်။ ဒီလမ်းဟာ (၂)မိုင်နဲ့ (၇)ဖာလုံ ရှည်လျားပြီးတော့ (၇)ဖာလုံကတော့ ကတ္တရာ ခင်းထားပြီးသား ဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ (၂)မိုင်အား ကျောက်ချောလမ်းအဆင့် တိုးမြှင့်ပေးလိုက်မယ်ဆိုရင် ဒီလမ်းကို မှီခိုအားထားနေရတဲ့ ဥယျာဉ်တော်၊ ညောင်ပင်ကြီး၊ သာဂရ၊ ခေါင်ရမ်း၊ ဝါးတီးကျေးရွာအုပ်စု(၅)အုပ်စုနဲ့ ကျေးရွာ(၁၃)ရွာက အိမ်ခြေ(၃၀၀၀)ကျော်နှင့် လူဦးရေ(၁၃၀၀၀)ကျော်တို့ကို အကျိုးပြုမယ့် လမ်းတစ်လမ်းဖြစ်ပါတယ်။

အဆိုပါလမ်း(၂)မိုင်မှာ မြေသားလမ်း ဖြစ်နေတဲ့အတွက်ကြောင့် မိုးတွင်းကာလမှာဆိုရင် မော်တော်ယာဉ်တွေ၊ ယာဉ်ကြီး၊ ယာဉ်ငယ်တွေ သွားလာရခက်ခဲသလို ဆိုင်ကယ်နဲ့ သွားရတာလည်း အဆင်မပြေဖြစ်ရပါတယ်။ ယာဉ်ကြီး၊ ယာဉ်ငယ်တွေဟာ ကျွန်တော်တို့ ဒီ ဟင်းငုတ်ပင် Toll Gate ကို ဖြတ်ပြီးတော့ ခပေါင်းကျောင်းရှစ်ဆယ်ကနေတစ်ဆင့် ကွေ့ဝိုက်ပြီးကာမှ ထန်းတပင်-တောင်ငူလမ်း ကနေ သွားရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီ Toll Gate ကို ဖြတ်သန်းသွားရတဲ့အတွက် လမ်းအသုံးပြုခများ ပေးဆောင်ရတာဖြစ်တဲ့အတွက် အချိန်လည်းကုန်ပါတယ်။ ငွေလည်းကုန်ပါတယ်။ ဥယျာဉ်တော် ကျေးရွာနှင့် ညောင်ပင်ကြီးကျေးရွာဟာ နီးလျက်နဲ့ ဝေးနေရတဲ့ အနေအထား ဖြစ်ပါတယ်။ အကယ်၍ ဒီလမ်းကို ကျောက်ချောလမ်းအဖြစ်သာ အဆင့်တိုးမြှင့်ပေးလိုက်မယ်ဆိုရင် ဒေသခံပြည်သူတို့ရဲ့ လူမှုဘဝအကျိုးစီးပွားများ မြင့်တက်မှာဖြစ်သလို နွေ၊ မိုး၊ ဆောင်း ရာသီမရွေး အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

Power Point အသုံးပြုတင်ပြခွင့်ပြုပါ။ ဒါက လက်ရှိမြေသားလမ်း ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ အဝါရောင်နဲ့ ပြထားတဲ့နေရာကတော့ ဒီလက်ရှိ ဥယျာဉ်တော်ကနေပြီးတော့ ညောင်ပင်ကြီးကို ဖြတ်သွားမယ့်လမ်း ဖြစ်ပါတယ်။ အနီရောင်နဲ့ ပြထားတာကတော့ ကျွန်တော်တို့ အခု ကွေ့ဝိုက်ပြီးတော့ သွားနေရတဲ့လမ်း ဖြစ်ပါတယ်။ အကယ်၍ ကျွန်တော်တို့က အဝါရောင် လမ်းဖြတ်ထားတဲ့နေရာ လေးကို အခုမြေသားလမ်းကိုသာ ကျောက်ချောလမ်းအဖြစ် တိုးမြှင့်ပေးလိုက်မယ်ဆိုရင် ကျွန်တော်တို့ ကွေ့ဝိုက်သွားရတဲ့ ဒုက္ခလည်း ကင်းဝေးသွားရမှာဖြစ်သလို အချိန်ကုန်လည်း သက်သာပါမယ်၊


မလိုလားအပ်ဘဲနဲ့ ကျွန်တော်တို့က ဒီလမ်းအသုံးပြုခတွေပေးပြီး သွားနေရတဲ့ ဝန်ထုပ်ဝန်ပိုးကလည်း လျော့ကျသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာနှင့် ညောင်ပင်ကြီးကျေးရွာတို့ကို ဆက်သွယ်ထားသော ဥယျာဉ်တော်-ညောင်ပင်ကြီး မြေသားလမ်းအား ကျောက်ချောလမ်းအဆင့်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အုတ်တွင်းမြို့နယ်၊ ဥယျာဉ်တော်-ညောင်ပင်ကြီးလမ်း လက်ရှိအခြေအနေ မြင်ကွင်းပုံ (ဃဃ)



အုတ်တွင်းမြို့နယ်အတွင်းရှိ ဥယျာဉ်တော်-ညောင်ပင်ကြီး မြေသားလမ်း တည်နေရာနှင့် လက်ရှိ သွားလားနေသည့် လမ်းပြပုံ (ဃဃ-၁)




**ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ၂၀၀၆ -၂၀၀၇ ဘဏ္ဍာရေးနှစ် နွေစပါး စိုက်ပျိုးမှုမှစ၍ ကောက်ခံရန် ကျန်ရှိနေသော ရေခွန်ကြွေးကျန်များကို တောင်သူလယ်သမားများလည်း နစ်နာမှုမရှိအောင်၊ သက်ဆိုင်ရာဌာနအနေဖြင့်လည်း ဘဏ္ဍာငွေ အပြည့်အဝရရှိအောင် မည်သို့ စီမံ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး က ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် နွေစပါး စိုက်ပျိုးမှုမှစ၍ ကောက်ခံရန်ကျန်ရှိနေသော ရေခွန်ကြွေးကျန်များကို တောင်သူလယ်သမားများလည်း နစ်နာမှုမရှိအောင်၊ သက်ဆိုင်ရာဌာနအနေဖြင့်လည်း ဘဏ္ဍာငွေ အပြည့်အဝရရှိအောင် မည်သို့ စီမံ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)က ဦးအောင်မျိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်မဲဆန္ဒနယ်အပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ ဆည်ရေသောက်ဧရိယာ စိုက်ပျိုးမြေတွေမှာ ရေခွန်ကြွေးကျန်တွေ မြောက်မြားစွာရှိနေတာကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနက စာရင်းဇယားတွေကို ကိုယ်တိုင်လေ့လာတွေ့ရှိရလို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေခွန်ကြွေးကျန် ကျန်ရှိတဲ့ ပမာဏနဲ့ပတ်သက်ပြီးတော့ သဖန်းဆိပ် ဆည်ရေသောက် စိုက်ပျိုးမြေဧကတွေရဲ့ အခြေအနေကို သာဓကပြုပြီးတော့ တင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ သဖန်းဆိပ်ဆည်ရေသောက် ဧရိယာအောက်မှာ နွေစပါး၊ မိုးစပါး တစ်နှစ်ကို နှစ်သီးစိုက်ပျိုး ကြပါတယ်။ မိုးစပါးစိုက်ပျိုးဧကဟာ (၅)သိန်းလောက်ရှိပြီးတော့ နွေစပါးစိုက်ပျိုး ဧကဟာ (၃)သိန်း လောက်ရှိပါတယ်။ တစ်နှစ်ကို မိုးစပါး၊ နွေစပါး နှစ်ခုပေါင်းလိုက်ရင် ဧက(၈)သိန်း လောက်ရှိပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကောက်ခံတဲ့ ရေခွန် နှုန်းထားနဲ့ တွက်မယ်ဆိုရင် တစ်ဧကကို (၁၉၅၀) ဆိုလို့ရှိလျှင်၊ တစ်နှစ်ကို (၁.၅)ဘီလီယံလောက် ကောက်ခံရရှိရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မရခဲ့ပါဘူး။ ၂၀၀၆ ခုနှစ်၊ စာရင်းဇယားတွေအရ (၉၀)ရာခိုင်နှုန်းလောက်ပဲ ကောက်ခံရရှိပြီး၊ (၁၀)ရာခိုင်နှုန်းလောက် အကြွေး ကျန်ပါတယ်။ ၂၀၀၇ ခုနှစ်မှာတော့ (၆၀)ရာခိုင်နှုန်းလောက် ကောက်ခံရရှိပြီး (၄၀)ရာခိုင်နှုန်းလောက် အကြွေးကျန် ပါတယ်။ ၂၀၀၈ ခုနှစ် နောက်ပိုင်းမှာတော့ လုံးဝကို ကောက်ခံခြင်းမရှိတော့ပါဘူး။ အဲဒီတော့ တောင်သူ တွေအနေနဲ့လည်း တစ်နှစ်ချင်း ကြွေးကျန်တယ်ဆိုလို့ရှိရင်တော့ ဝန်ထုပ်ဝန်ပိုး မဖြစ်ပေမဲ့လို့ အခုလို (၉)နှစ်၊ (၁၀)နှစ်စာကြီး ဆိုရင်တော့လည်း အင်မတန်မှ တောင်သူတွေအတွက် အခက်အခဲ ဖြစ်ပါတယ်။

အင်္ဂလိပ်ခေတ်က ရေခွန်ကို မြေခွန်နဲ့တွဲကောက်တယ်။ ပြဿနာမရှိပါဘူး။ နောက် ရေခွန် ဥပဒေ ပြဋ္ဌာန်းပြီးတဲ့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကောက်တယ်။ ဒီအထိအောင်လည်း ပြဿနာမရှိသေးပါဘူး။ အခုတော့ ၂၀၀၆ ခုနှစ်ကစပြီးတော့ ရေခွန်ကြွေးကျန်လိုက်တာဟာ သဖန်းဆိပ် ဆည်ရေသောက်ဧရိယာတွေထဲမှာ (၈)ဘီလီယံကျော်လောက် ကျန်တယ်လို့ ကျွန်တော် ကိန်းဂဏန်းတွေအရ သိရှိရပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆည်ရေသောက် ဧရိယာတွေ၊ ရေခွန်ကြွေးကျန်တွေဟာ ဘီလီယံပေါင်း တော်တော်များပါတယ်။ ဆယ်ချီရှိတယ်လို့ အကြမ်းဖျင်း သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီရေခွန်တွေ ဘယ်လိုကောက်မလဲ။ တောင်သူတွေ နစ်နာမှုမရှိအောင် ကာလအပိုင်းအခြားအရ လျှော်သင့်တာလျှော်ပြီးတော့ ကျွန်တော်တို့ ဖြတ်ပြီးတော့ ကောက်မလား။ ဒါမှမဟုတ်ရင်လည်း အရစ်ကျ ကောက်ခံတာမျိုးနဲ့ ကောက်မလား။ တစ်ခုခုတော့ ကျွန်တော်တို့ စီမံဖို့ လိုအပ်နေပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်ရဲ့အကျိုး၊ တောင်သူတွေလည်း နစ်နာမှုမရှိရအောင် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ခြေမြင်းစခွန့်ကျေးရွာအုပ်စုရှိ လွယ်ခေါ်ကျေးရွာ၊ လွယ်ခေါ် အင်းသားကျေးရွာ၊ မိုင်းသောက်ကျေးရွာအုပ်စုရှိ ပုံတယ်ကျေးရွာ၊ အင်းနီကျေးရွာနှင့် သလဲဦးကျေးရွာ အုပ်စုရှိ သပြေကုန်းကျေးရွာ၊ သလဲဦးကျေးရွာ၊ အင်းကန်ပတ် ကတ္တရာလမ်းဆုံသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် လမ်းမကြီးအား လာမည့် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစိုးရမှ သတ်မှတ်ထားသည့် လမ်းဧရိယာ အကျယ်ပေအတိုင်း မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ က ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ခြေ မြင်းစခွန့်ကျေးရွာအုပ်စုရှိ လွယ်ခေါ်ကျေးရွာ၊ လွယ်ခေါ် အင်းသားကျေးရွာ၊ မိုင်းသောက်ကျေးရွာအုပ်စုရှိ ပုံတယ်ကျေးရွာ-အင်းနီကျေးရွာနှင့် သလဲဦးကျေးရွာ အုပ်စုရှိ သပြေကုန်းကျေးရွာ၊ သလဲဦးကျေးရွာ၊ အင်းကန်ပတ် ကတ္တရာလမ်းဆုံသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းမကြီးအား လာမည့်ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစိုးရမှ သတ်မှတ်ပေးထားသည့် လမ်းဧရိယာ အကျယ်ပေအတိုင်း မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ်လျက်ရှိတဲ့ ညောင်ရွှေမြို့နယ်အတွင်း တောင်ခြေမြင်းစခွန့်ကျေးရွာအုပ်စုရှိ လွယ်ခေါ်ကျေးရွာမှ လွယ်ခေါ်အင်းသားကျေးရွာ၊ မိုင်းသောက်ကျေးရွာအုပ်စုရှိ ပုံတယ်ကျေးရွာ၊ အင်းနီကျေးရွာနှင့် သလဲဦးကျေးရွာအုပ်စုရှိ သပြေကုန်းကျေးရွာ၊ သလဲဦးကျေးရွာ၊ ၎င်းမှအင်းလေးကန်ပတ် ကတ္တရာလမ်းဆုံကို ဆက်သွယ်ထားတဲ့ကျေးရွာအုပ်စု(၃)ခု ဆက်သွယ်ထားတဲ့လမ်းဟာ ဒေသခံများရဲ့တွက်ချက်မှုအရ (၁၃)မိုင် (၄)ဖာလုံခန့် ရှိပါတယ်။ ကျေးရွာအုပ်စု(၃)ခုနဲ့ ကျေးရွာပေါင်း (၁၃)ရွာတို့ရဲ့ တစ်ခုတည်းသော အင်းလေးကန်ပတ်လမ်းကို ထွက်ရာလမ်းဖြစ်ပါတယ်။

အဆိုပါလမ်းကို ဒေသခံပြည်သူတွေက ကိုယ်ထူကိုယ်ထစနစ်နဲ့ ဖောက်လုပ်ထားတာဖြစ်ပြီး လမ်းပေါ်မှာရှိတဲ့ တံတားငယ်သုံးစင်းကိုလည်း ဒေသခံများပဲ ဆောက်လုပ်ထားတာဖြစ်ပါတယ်။ တောင်ပေါ်ဒေသဖြစ်သည့် အားလျော်စွာ လမ်းကျဉ်းပြီး မတ်စောက်တဲ့အတွက် သွားလာရေး အလွန် ခက်ခဲလှပါတယ်။ ဒီလမ်းကို ဖောက်လုပ်ပေးမယ်ဆိုပါက ဒေသခံပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများကို များစွာအထောက်အကူပြုပေးနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်၍ ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၃)ခုနှင့် အင်းလေးကန်ပတ်လမ်းကို ဆက်သွယ်ထားတဲ့ လွယ်ခေါ်ကျေးရွာ၊ လွယ်ခေါ်အင်းသားကျေးရွာ၊ မိုင်းသောက်ကျေးရွာအုပ်စုရှိ ပုံတယ် ကျေးရွာ၊ အင်းနီကျေးရွာနှင့် သပြေကုန်းကျေးရွာ၊ သလဲဦးကျေးရွာ၊ အင်းကန်ပတ်လမ်းကို

[illegible] မြေသားလမ်း ဖောက်လုပ်ပေးပါရန်နှင့် ဆောင်ရွက်ပေးမယ့် အစီအစဉ်နဲ့ပတ်သက်၍ သိရှိလိုပါ၍ ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပဲခူးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ်မှ ဦးမင်းဦး ရဲ့ မိမိဒေသ အခက်အခဲတစ်ရပ်ဖြစ်နေတဲ့ ကျေးလက်လမ်းအတွက် မေးမြန်းတဲ့ မေးခွန်းအပေါ်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဥယျာဉ်တော် - ညောင်ပင်ကြီးကျေးရွာချင်းဆက် လမ်းဟာ စုစုပေါင်းအရှည် (၂)မိုင် (၇)ဖာလုံ ရှိပါတယ်။ (၇)ဖာလုံဟာ ကတ္တရာလမ်းဖြစ်ပြီးတော့ (၂)မိုင်ဟာ မြေသားလမ်း ဖြစ်ပါတယ်။ အဲဒီလမ်းကို (၂/၀မိုင်x၁၂ပေx၂၀လက်မ) ကျောက်ချောလမ်း အဖြစ် ဆောင်ရွက်မယ်ဆိုရင်တော့ ငွေကျပ်သန်းပေါင်း(၄၆၀)ကုန်ကျမယ် ဖြစ်ကြောင်း စိစစ်ရရှိပါတယ်။ ဒီလမ်းကို ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ကျေးရွာ(၁၃)ရွာ၊ အိမ်ခြေ(၃၀၀၀)ကျော်နဲ့ လူဦးရေ (၁၃၀၀၀)ကျော်ကို အကျိုးပြုမှာ ဖြစ်ပါတယ်။ ကျေးလက်လမ်း၊ တံတားလုပ်ငန်းတွေအတွက် ဘဏ္ဍာငွေ လျာထားစိစစ်ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ဒေသန္တရလမ်း၊ တံတား ဖွံ့ဖြိုးတိုးတက် ရေးဗဟိုကော်မတီမှ အတည်ပြုသတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေအတိုင်း လျာထားအကောင်အထည် ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခု အုတ်တွင်းမြို့နယ်မှာ ၂၀၁၇-၂၀၁၈ ယခု ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်(၂၁၁.၁၈)သန်းနှင့် ကွန်ကရစ်လမ်း တစ်မိုင်ကို ဆောင်ရွက်ရန် စီစဉ်လုပ်ကိုင် လျက်ရှိပါတယ်။

အလားတူပဲ ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်တဲ့ တွင်းတိမ်(၁)တွင်း၊ တွင်းနက်(၂)တွင်း၊ လက်တူးတွင်း(၄)တွင်းနဲ့ အခြားရေရရှိရေးလုပ်ငန်း(၁)ခုကို ငွေကျပ်(၁၃၄)သန်းနဲ့ ဆောင်ရွက်ပေးသွားမှာ ဖြစ်သော်လည်းပဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ယခု မေးမြန်းတဲ့ အုတ်တွင်းမြို့နယ် အတွင်းမှာရှိတဲ့ ဥယျာဉ်တော် - ညောင်ပင်ကြီး ကျေးရွာချင်းဆက်လမ်းအတွက် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဟာ ပါဝင်ခြင်းမရှိတဲ့အတွက် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိ သော်လည်းပဲ တိုင်းဒေသကြီးရဲ့ ဦးစားပေးလျာထားမှုအပေါ်မှာ မူတည်ပြီးတော့ စိစစ်ညှိနှိုင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုး ရဲ့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်က စပြီး နွေစပါးစိုက်ပျိုးမှုမှစ၍ ကောက်ခံရန်ကျန်ရှိသောရေခွန် ကြွေးကျန်များကို တောင်သူများနစ်နာမှု မရှိအောင် သက်ဆိုင်ရာဌာနအနေဖြင့်လည်း ဘဏ္ဍာငွေအပြည့်အဝရရှိအောင် မည်သို့စီမံဆောင်ရွက် သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ဆက်လက်ဖြေကြားပေးပါမယ်။

ယခုလို နိုင်ငံတော်ဘဏ္ဍာငွေ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် မေးမြန်းတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်မျိုး ကိုလည်းပဲ ကျေးဇူးတင်ကြောင်း တင်ပြအပ်ပါတယ်။ ပထမဦးစွာ ရေခွန်နှုန်းထားနှင့် ပတ်သက်ပြီး တင်ပြပါမယ်။ ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှာ ပြုလုပ်တဲ့ အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၇)မှ သဘောတူအတည်ပြုချက်အရ ၂၀၁၆-၂၀၁၇ နှစ်ကစပြီး စပါးသီးနှံကို စိုက်ပျိုးရေ အပြည့်အဝပေးရင် တစ်ဧက (၁၉၅၀)ကျပ်နှုန်း၊ ရေတစ်စိတ်တစ်ပိုင်း ပေးမယ်ဆိုလို့ရှိရင် (စိုက်ပျိုးရေမယူဘဲ အောင်ရေသာယူမယ်ဆိုရင်) တစ်ဧက (၉၀၀)ကျပ်နှုန်းနှင့် အခြားသီးနှံအတွက် တစ်ဧက (၉၀၀)ကျပ်နှုန်း ပြောင်းလဲကောက်ခံ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ မတိုင်ခင်ကတော့ တစ်ဧက ရေခွန်ကို (၁၀)ကျပ်နှုန်းနဲ့သာ ကောက်ခံခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်ကစပြီးတော့ ရေခွန်ကို နှုန်းထားသစ်နှင့် ပြောင်းလဲကောက်ခံခဲ့တဲ့အခါမှာ အဆိုပါနှစ်မှာ နွေသီးနှံအတွက်ကောက်ခံရန် ပြေစာစည်းကြပ်ထားတဲ့ စုစုပေါင်းရေခွန်ပမာဏဟာ ကျပ်သန်းပေါင်း(၁၉၅၇)သန်း ဖြစ်ပါတယ်။

ယင်းအနက်ကနေ ကျပ်သန်းပေါင်း(၁၄၂၂)သန်းသာ ကောက်ခံရရှိတဲ့အတွက် (၇၂.၆၈) ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ မှာ (၃၀.၈၁)ရာခိုင်နှုန်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ရေခွန်ကြွေးကျန်ရဲ့ (၄.၃၉) ရာခိုင်နှုန်း၊ ၂၀၁၉-၂၀၁၀ မှာ (၂.၇) ရာခိုင်နှုန်း၊ ၂၀၁၀-၂၀၁၁ မှာ (၂) ရာခိုင်နှုန်း၊ ၂၀၁၁-၂၀၁၂ မှာ (၂.၀၂) ရာခိုင်နှုန်းနဲ့ ၂၀၁၂-၂၀၁၃ မှာ (၀.၅) ရာခိုင်နှုန်းသာ ကောက်ခံရရှိခဲ့ပြီးတော့ တစ်နှစ်ထက်တစ်နှစ် လျော့နည်းကောက်ခံရရှိခဲ့တဲ့ အခြေအနေ ဖြစ်ပါတယ်။ နှစ်အလိုက် ကောက်ခံရရှိမှု အခြေအနေအရ အဆိုပါ ကာလအတွင်းမှာ စုစုပေါင်းရေခွန်ကြွေးကျန်ဟာ (၂၃.၁၂၅)ဘီလီယံ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုရေခွန်ကြွေးကျန်တွေရှိနေခြင်းကို သုံးသပ် တဲ့အခါမှာ အဓိကအချက်ကတော့ ရေခွန်မဆောင်တဲ့ တောင်သူလယ်သမားများအပေါ် အရေးယူ ဆောင်ရွက်နိုင်တဲ့ ဥပဒေနှင့် နည်းဥပဒေ ပြဋ္ဌာန်းတာမရှိတဲ့အတွက် တာဝန်သိသိနှင့်ပေးဆောင်တဲ့ တောင်သူလယ်သမားများရှိသော်လည်းပဲ တစ်နှစ်ထက်တစ်နှစ် ရေခွန်ပေးဆောင်ရန် ရှောင်တိမ်းတဲ့ ဦးရေ ပိုမိုများလာကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ရေခွန်ကောက်ခံဖို့အတွက် ဝန်ထမ်း အင်အား လုံလောက်မှုမရှိသော်လည်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စည်းကြပ်ပေးတဲ့ ရေခွန်ပြေစာတွေအပေါ်မှာ အစုအဖွဲ့များနှင့် စနစ်တကျစာရင်း စုစည်းပြုစုဆောင်ရွက် ခဲ့ပါသော်လည်းပဲ ရေခွန်ပေးဆောင်မှု မရှိခြင်းအပေါ်မှာ ဆွေးနွေးပညာပေး စည်းရုံးမှုများကိုသာ

ဆောင်ရွက်နိုင်ခဲ့တဲ့ အခြေအနေ ဖြစ်ပါတယ်။ အဲဒီလို ရေခွန်ကောက်ခံရမှု အားနည်းလာတဲ့ အခြေအနေအပေါ်မှာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေက ရေခွန်နှင့်ရေခွန်ကြွေးကျန်များကို တာဝန်ယူကောက်ခံပေးနိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၂၆-၁၂-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၄/၂၅၇/အဖရ (၃၃/၂၀၁၃)နဲ့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေကို ရေခွန်ကောက်ခံရေး လုပ်ငန်းတာဝန်အနေနဲ့ကြွေးကျန်စာရင်းများနှင့်အတူ လွှဲပြောင်းပေးဖို့ ညွှန်ကြား ခဲ့ပါတယ်။

သို့ဖြစ်တဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ရေခွန် ကောက်ခံနိုင်ရေးအတွက် လိုအပ်တဲ့ စာရင်းဇယားတွေနဲ့တကွ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်ကစပြီးတော့ ရေခွန်ကောက်ခံခြင်းကို ကျွန်တော်တို့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့တွေက ဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်မှာ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နှင့် ၂၀၁၇ ခုနှစ် ရေခွန်နှင့် တာတမံခွန်ဥပဒေသစ်ကို ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ အဆိုပါ ဥပဒေသစ်ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရေခွန် ကောက်ခံခြင်းလုပ်ငန်းတွေကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များအနေနဲ့ ရေခွန်ကောက်ခံရေးအဖွဲ့များ ဖွဲ့စည်းပြီး ကြွေးကျန်မရှိစေရေးနှင့် အပြည့်အဝ ကောက်ခံရရှိရေးအတွက် စီမံဆောင်ရွက်သွားရမယ့် အနေအထားဖြစ်ပါကြောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအား ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် အမှတ်(၉)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေ ရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးပါမယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ် တောင်ပိုင်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ ဆက်စပ်လျက်ရှိတဲ့ ညောင်ရွှေမြို့နယ်အတွင်းရှိ လွယ်ခေါ်ကျေးရွာ၊ လွယ်ခေါ်အင်းသား၊ ပုံတယ်၊ အင်းနီ၊ သပြေကုန်း၊ သလဲဦးကျေးရွာ၊ အင်းကန်ပတ်လမ်း ကျေးရွာချင်း ဆက်လမ်းအရှည် (၁၅)မိုင်ရဲ့ လက်ရှိအခြေအနေဟာ (၆)ပေအကျယ် မြေသားလမ်း ဖြစ်ပါတယ်။ ကျေးရွာ(၁၃)ရွာ၊ အိမ်ခြေ(၇၆၅)အိမ် ရှိပြီးတော့ လူဦးရေ(၃၈၀၀)ဦးကို အကျိုးပြုပါတယ်။ အဆိုပါ လမ်းကို (၁၈)ပေအကျယ်ရှိတဲ့ မြေသားလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မယ်ဆိုရင်ငွေကျပ် (၃၇၅)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ယခု မေးမြန်းတဲ့ ညောင်ရွှေမြို့နယ်အတွင်းမှာ ရှိတဲ့ လွယ်ခေါ်ကျေးရွာ၊ လွယ်ခေါ်အင်းသား၊ ပုံတယ်၊ အင်းနီ၊ သပြေကုန်း၊ သလဲဦး၊ အင်းကန်ပတ် လမ်း ကျေးရွာချင်းဆက်လမ်းဟာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခဲ့ခြင်းမရှိကြောင်း တင်ပြအပ်ပါတယ်။ သို့သော်လည်းပဲ ကျေးလက်ဒေသ ရေပေးရေးလုပ်ငန်းများအဖြစ် ညောင်ရွှေမြို့နယ်အတွင်းမှာ ကျေးရွာ(၄)ရွာမှာ မြေသားရေလှောင်ကန် (၂)ခုနဲ့ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း(၁)ခု၊ တွင်းနက်(၁)တွင်း တူးဖော်ခြင်းကိုလည်းပဲ ဆောင်ရွက်ပေး သွားမှာဖြစ်ပါတယ်။ ယခုလမ်းနှင့်ပတ်သက်ပြီး ပြည်နယ်/တိုင်းဒေသကြီးရဲ့ ဦးစားပေးလျာထားမှု

အပေါ်မှာမူတည်၍ စီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ရေခွန်ကြွေးကျန်တွေကို ကျွန်တော်တို့ အရစ်ကျကောက်မှာလား။ ဒါမှမဟုတ်ရင် ကာလအပိုင်းအခြားတစ်ခုကို လျှော်ပစ်မှာလား ဆိုတာ ကျွန်တော် တိတိပပလေး သိချင်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်းဖြေကြားပေးပါမယ်။ ကျွန်တော်တို့ နှစ်ဟောင်းကြွေးကျန်များနှင့် ပတ်သက်ပြီးတော့ ယခင်အစိုးရလက်ထက်က ဒုတိယသမ္မတဦးစီးပြီးတော့ ခေတ်အဆက်ဆက် ကြွေးကျန်ရှင်းလင်းရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ သက်ဆိုင်ရာဌာနအသီးသီးကလည်းပဲ ကြွေးကျန်များ ရှင်းလင်းရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ယခု ကိစ္စနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို လက်ရှိကြွေးကျန် ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို သုံးသပ်တင်ပြ အဆုံးအဖြတ်ရယူပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးထံ စာဖြင့်ပြန်လည် ဖြေကြားပေးပါမယ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ ပထမဦးဆုံး ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ် ပြင်ဆင်ချက်ဖြစ်တဲ့ -

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်　။)**

**၁၃၇၉ ခုနှစ်၊　　လ　　ရက်**

**(၂၀၁၇ ခုနှစ်၊　　လ　　ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်တဲ့ အပိုဒ် ၁(ဂ) အပိုဒ်ခွဲငယ် (၂၄)၊ ဒဏ်ကြေးငွေပိုင်းဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၇၊ အပိုဒ်၂၂၊ အပိုဒ်၂၄ တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁(ဂ)(၂၄)၊ အပိုဒ် ၇၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁(ဂ)(၂၄)၊ အပိုဒ် ၇၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီး တင်ပြမှာကတော့ ဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာပေးနိုင်ရန် ပျက်ကွက်ခြင်းအတွက် ဒဏ်ကြေးငွေဆိုင်ရာ ပြင်ဆင်ချက်များ ဖြစ်ပါတယ်။ ဒဏ်ကြေးငွေဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄၁၊ ၄၅၊ ၄၈၊ ၅၂၊ ၅၄ တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၁၊ အပိုဒ် ၄၅၊ အပိုဒ် ၄၈၊ အပိုဒ် ၅၂၊ အပိုဒ် ၅၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၁၊ အပိုဒ် ၄၅၊ အပိုဒ် ၄၈၊ အပိုဒ် ၅၂၊ အပိုဒ် ၅၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ဒဏ်ကြေးငွေဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၆၅၊ အပိုဒ် ၆၈၊ အပိုဒ် ၇၂၊ အပိုဒ် ၇၅၊ အပိုဒ် ၈၄၊ အပိုဒ် ၈၅ နှင့် အပိုဒ် ၈၇ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၅၊ အပိုဒ် ၆၈၊ အပိုဒ် ၇၂၊ အပိုဒ် ၇၅၊ အပိုဒ် ၈၄၊ အပိုဒ် ၈၅၊ အပိုဒ် ၈၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၅၊ အပိုဒ် ၆၈၊ အပိုဒ် ၇၂၊ အပိုဒ် ၇၅၊ အပိုဒ် ၈၄၊ အပိုဒ် ၈၅၊ အပိုဒ် ၈၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများအတွက် ဒဏ်ကြေးငွေဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၁၀၀၊ အပိုဒ် ၁၀၅၊ အပိုဒ် ၁၀၈(က)၊ အပိုဒ် ၁၁၀ ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀၀၊ အပိုဒ် ၁၀၅၊ အပိုဒ် ၁၀၈(က)၊ အပိုဒ် ၁၁၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀၀၊ အပိုဒ် ၁၀၅၊ အပိုဒ် ၁၀၈(က)၊ အပိုဒ် ၁၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဒဏ်ကြေးငွေဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၁၁၄ ၊ အပိုဒ် ၁၁၈၊ အပိုဒ် ၁၂၄၊ အပိုဒ် ၁၂၇၊ အပိုဒ် ၁၂၉၊ အပိုဒ် ၁၃၁ နှင့် အပိုဒ် ၁၃၄ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁၄၊ အပိုဒ် ၁၁၈၊ အပိုဒ် ၁၂၄၊ အပိုဒ် ၁၂၇၊ အပိုဒ် ၁၂၉၊ အပိုဒ် ၁၃၁၊ အပိုဒ် ၁၃၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁၄၊ အပိုဒ် ၁၁၈၊ အပိုဒ် ၁၂၄၊ အပိုဒ် ၁၂၇၊ အပိုဒ် ၁၂၉၊ အပိုဒ် ၁၃၁၊ အပိုဒ် ၁၃၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများအတွက် ဒဏ်ကြေးငွေဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၁၄၂၊ အပိုဒ် ၁၄၄၊ အပိုဒ်ခွဲ(က)၊ (ခ)၊ အပိုဒ် ၁၄၇၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၄၉ နဲ့ အပိုဒ် ၁၅၈ ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄၂၊ အပိုဒ် ၁၄၄ (က)(ခ)၊ အပိုဒ် ၁၄၇(က)၊ အပိုဒ် ၁၄၉၊ အပိုဒ် ၁၅၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄၂၊အပိုဒ် ၁၄၄ (က)(ခ)၊ အပိုဒ် ၁၄၇(က)၊ အပိုဒ် ၁၄၉၊ အပိုဒ် ၁၅၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကုမ္ပဏီ ဒါရိုက်တာရဲ့ အရည်အချင်း၊ လုပ်ပိုင်ခွင့်၊ တာဝန်သတ်မှတ်ချက်ဆိုင်ရာ အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၇၅၊ အပိုဒ်ခွဲ(ဇ)နှင့် ဒဏ်ကြေးငွေဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၁၉၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၀၄၊ အပိုဒ် ၂၀၈၊ အပိုဒ်၂၀၉၊ အပိုဒ် ၂၁၆ နှင့် အပိုဒ် ၂၁၉ တို့အတွက် ပြင်ဆင် ဖြည့်စွက်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇၅(ဇ)၊အပိုဒ် ၁၉၀(က)၊ အပိုဒ်၂၀၄၊ အပိုဒ် ၂၀၈၊ အပိုဒ် ၂၀၉၊အပိုဒ် ၂၁၆၊ အပိုဒ် ၂၁၉ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇၅(ဇ)၊ အပိုဒ် ၁၉၀(က)၊ အပိုဒ် ၂၀၄၊ အပိုဒ် ၂၀၈၊ အပိုဒ် ၂၀၉၊ အပိုဒ် ၂၁၆၊ အပိုဒ် ၂၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း ကော်မတီရဲ့ ဒဏ်ကြေးငွေဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၂၂၄၊ အပိုဒ် ၂၂၇၊ အပိုဒ် ၂၃၁၊ အပိုဒ် ၂၄၁၊ အပိုဒ် ၂၄၃၊ အပိုဒ် ၂၄၆၊ အပိုဒ်ခွဲ(က)နှင့် ခြေဆင်း၊ အပိုဒ် ၂၄၆၊ အပိုဒ်ခွဲ(ခ)(ဂ)၊ အပိုဒ် ၂၄၈၊ အပိုဒ် ၂၅၀၊ အပိုဒ် ၂၅၂ တို့ကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၂၄၊ အပိုဒ် ၂၂၇၊ အပိုဒ် ၂၃၁၊ အပိုဒ် ၂၄၁၊ အပိုဒ် ၂၄၃၊ အပိုဒ် ၂၄၆(က)ခြေဆင်း၊ အပိုဒ် ၂၄၆(ခ)(ဂ)၊ အပိုဒ် ၂၄၈၊ အပိုဒ် ၂၅၀၊ အပိုဒ် ၂၅၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၂၄၊ အပိုဒ် ၂၂၇၊ အပိုဒ် ၂၃၁၊ အပိုဒ် ၂၄၁၊ အပိုဒ် ၂၄၃၊ အပိုဒ် ၂၄၆(က) ခြေဆင်း၊ အပိုဒ် ၂၄၆(ခ)(ဂ)၊ အပိုဒ်၂၄၈၊ အပိုဒ်၂၅၀၊ အပိုဒ်၂၅၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရ ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကုမ္ပဏီရဲ့ လက်ကျန်ရှင်းတမ်း ထားရှိမှုဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၂၆၃၊ အပိုဒ် ၂၆၄ နှင့် ဒဏ်ကြေးငွေဆိုင်ရာ ပြင်ဆင်ချက်များ ဖြစ်တဲ့ အပိုဒ်၂၅၉၊ အပိုဒ် ၂၆၅ တို့ကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၅၉၊ အပိုဒ် ၂၆၃၊ အပိုဒ် ၂၆၄၊ အပိုဒ် ၂၆၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၅၉၊ အပိုဒ် ၂၆၃၊ အပိုဒ် ၂၆၄၊ အပိုဒ် ၂၆၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများအတွက် ဒဏ်ကြေးငွေဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၂၆၇၊ အပိုဒ် ၂၇၀၊ အပိုဒ် ၂၇၅၊ အပိုဒ် ၂၇၇၊ အပိုဒ်ခွဲ(က)(ခ)၊ ၂၈၁၊ ၂၈၄ ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၆၇၊ အပိုဒ် ၂၇၀၊ အပိုဒ် ၂၇၅၊ အပိုဒ် ၂၇၇ (က)(ခ)၊ အပိုဒ် ၂၈၁၊ အပိုဒ် ၂၈၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၆၇၊ အပိုဒ် ၂၇၀၊ အပိုဒ် ၂၇၅၊ အပိုဒ် ၂၇၇ (က)(ခ)၊ အပိုဒ် ၂၈၁၊ အပိုဒ် ၂၈၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ဒဏ်ကြေးငွေဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ်၂၈၈၊ အပိုဒ်၂၉၀၊ အပိုဒ် ၂၉၉၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၃၁၆၊ ၃၃၆၊ ၃၄၉၊ ၃၅၆၊ ၃၅၈ နဲ့ အပိုဒ် ၃၅၉ ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၈၈၊ အပိုဒ် ၂၉၀၊ အပိုဒ် ၂၉၉(က)(၁)၊ အပိုဒ် ၃၁၆၊ အပိုဒ် ၃၃၆၊ အပိုဒ် ၃၄၉၊ အပိုဒ် ၃၅၆၊ အပိုဒ် ၃၅၈၊ အပိုဒ် ၃၅၉ ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈၈၊ အပိုဒ် ၂၉၀၊ အပိုဒ် ၂၉၉(က)(၁)၊ အပိုဒ် ၃၁၆၊ အပိုဒ် ၃၃၆၊ အပိုဒ် ၃၄၉၊ အပိုဒ် ၃၅၆၊ အပိုဒ် ၃၅၈၊ အပိုဒ် ၃၅၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ တရားစွဲဆိုမှုဆိုင်ရာ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၃၉၉(စ) ဒဏ်ကြေးငွေဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၃၆၂ မှာ ဖော်ပြထားတဲ့ စတုတ္ထအပိုဒ်၊ အပိုဒ် ၃၆၉၊ ၃၇၁၊ ၃၇၂၊ အပိုဒ် ၃၇၇၊ အပိုဒ် ၄၀၇၊ အပိုဒ် ၄၀၉၊ အပိုဒ် ၄၁၀၊ အပိုဒ်ခွဲ(ခ) ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၆၂ တွင် ဖော်ပြထားသော စတုတ္ထအပိုဒ်၊ အပိုဒ် ၃၆၉၊ အပိုဒ် ၃၇၁၊ အပိုဒ် ၃၇၂၊ အပိုဒ် ၃၇၇၊ အပိုဒ် ၃၉၉(စ)၊ အပိုဒ် ၄၀၇၊ အပိုဒ် ၄၀၉၊ အပိုဒ် ၄၁၀(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၆၂ တွင်ဖော်ပြထားသော စတုတ္ထအပိုဒ်၊ အပိုဒ် ၃၆၉၊ အပိုဒ် ၃၇၁၊ အပိုဒ် ၃၇၂၊ အပိုဒ် ၃၇၇၊ အပိုဒ် ၃၉၉(စ)၊ အပိုဒ် ၄၀၇၊ အပိုဒ် ၄၀၉၊ အပိုဒ် ၄၁၀(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ တရားစွဲဆိုခြင်းဆိုင်ရာ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၄၂၆(ဃ)၊ ဒဏ်ကြေးငွေဆိုင်ရာ

ပြင်ဆင်ချက်များ ဖြစ်တဲ့ အပိုဒ် ၄၁၃၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုင်ခွဲငယ်စိတ်(កក)၊ အပိုဒ် ၄၂၇ တွင် ဖော်ပြထားသော တတိယအပိုဒ် ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေး နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၁၃(ခ)(၄)(កក)၊ အပိုဒ် ၄၂၆(ဃ)၊ အပိုဒ် ၄၂၇ တွင် ဖော်ပြထားသော တတိယအပိုဒ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၁၃(ခ)(၄)(កក)၊ အပိုဒ် ၄၂၆(ဃ)၊ အပိုဒ် ၄၂၇ တွင် ဖော်ပြထားသော တတိယအပိုဒ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာ သံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ဒဏ်ကြေးငွေဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၄၄၃၊ အပိုဒ်ခွဲ(က) ခြေဆင်း၊ အပိုဒ် ၄၆၀၊ အပိုဒ်ခွဲ(ဃ)နဲ့ ပုဂ္ဂလိကစီးပွားရေး အသင်းအဖွဲ့များရဲ့ အကြံပြုတင်ပြချက်များကို ရယူဆောင်ရွက်ခြင်းဆိုင်ရာ အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ အပိုဒ် ၄၆၃၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၃) ပြင်ဆင်ဖြည့်စွက်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေး နိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၄၃ (က)ခြေဆင်း၊ အပိုဒ် ၄၆၀(ဃ)၊ အပိုဒ် ၄၆၃(က)(၃) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၄၃ (က)ခြေဆင်း၊ အပိုဒ် ၄၆၀(ဃ)၊ အပိုဒ် ၄၆၃(က)(၃)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဒေါက်တာမြတ်ညွှာစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီဆိုင်ရာ အထူးတရားရုံးများ၊ ခုံရုံးများနှင့် ကော်မရှင်များ သို့မဟုတ် ကော်မတီများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၄၆၄ အစုခေါင်းစဉ်၊ အပိုဒ် ၄၆၄၊ အပိုဒ်ခွဲ(က)ရဲ့ ခြေဆင်း၊ အပိုဒ် ၄၆၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁) မှ (၇) အထိ၊ စီမံ အုပ်ချုပ်သော ကိုယ်စားလှယ်ဖြင့် လုပ်ကိုင်ဆောင်ရွက်မှုအား ရပ်စဲခြင်းဆိုင်ရာ အသစ်ဖြည့်စွက်ချက် ဖြစ်တဲ့ အပိုဒ် ၄၇၈ ရဲ့ခြေဆင်း၊ အပိုဒ်ခွဲ(က)မှ(ဃ)အထိ ပြင်ဆင်ဖြည့်စွက်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၆၄ အစုခေါင်းစဉ်၊ အပိုဒ် ၄၆၄(က)ခြေဆင်း၊ အပိုဒ် ၄၆၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁) မှ (၇) အထိ၊ အပိုဒ် ၄၇၈ ခြေဆင်း၊ အပိုဒ်ခွဲ(က)မှ(ဃ)အထိ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၆၄ အစုခေါင်းစဉ်၊ အပိုဒ် ၄၆၄(က) ခြေဆင်း၊ အပိုဒ် ၄၆၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁) မှ (၇) အထိ၊ အပိုဒ် ၄၇၈ ခြေဆင်း၊ အပိုဒ်ခွဲ(က)မှ (ဃ)အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဒေါက်တာမြတ်ညွှာစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုပြုပြင်ဆင်ချက်များမှာ ပါရှိတဲ့ အပိုဒ် ၁၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၂၃) ကို မလိုအပ်တဲ့ အတွက်ကြောင့်မို့လို့ လွှတ်တော်က ပယ်ဖျက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့-

အခန်း(၁၈)၊ အပိုဒ် ၁၇၅ အစုခေါင်းစဉ်၊ အပိုဒ်ခွဲ က မှ ဆ အထိ၊

အခန်း(၂၂)၊ အပိုဒ် ၂၄၆၊ အပိုဒ်ခွဲ(က) တွင် ဖော်ပြထားတဲ့ အပိုဒ်ခွဲငယ်(၁)(၂)(၃)၊

အခန်း(၂၄)၊ အပိုဒ် ၂၆၄ အစုခေါင်းစဉ်၊ အပိုဒ် ၂၇၇ ခြေဆင်း၊ အပိုဒ်ခွဲ(ဂ)(ဃ)၊

အခန်း(၂၆)၊ အပိုဒ် ၃၆၂ ခြေဆင်း၊ အပိုဒ်ခွဲ(က)(ခ)(ဂ)၊

အခန်း(၂၈)၊ အပိုဒ် ၄၂၇ ခြေဆင်း၊ အပိုဒ်ခွဲ(က)(ခ)၊

အခန်း(၂၉)၊ အပိုဒ် ၄၄၃ အစုခေါင်းစဉ်၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)(၂)၊ အပိုဒ်ခွဲငယ်စိတ်(ကက)(ခခ)၊

အခန်း(၃၁)၊ အပိုဒ် ၄၆၃၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၂)၊ အပိုဒ် ၄၆၄၊ အပိုဒ်ခွဲ(ခ)၊

ပြောင်းလဲအမှတ်စဉ်ထားတဲ့ -

အခန်း (၁)၊ အပိုဒ် ၁၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ်(၂၃)နှင့်

ဥပဒေကြမ်းရဲ့ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲတို့ကို

အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၇၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၇၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ) အရ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းတစ်ရပ်လုံးအား အတည်ပြုပေးပါရန် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇(က)နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

လက်ရှိကျင့်သုံးလျက်ရှိတဲ့ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (Burma Companies Act) ဟာ သက်တမ်းနှစ်ပေါင်း(၁၀၀)ကျော် ရှိနေပြီဖြစ်ပြီး ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေသည်လည်း သက်တမ်း(၆၇)နှစ်ခန့် ရှိနေပြီ ဖြစ်ပါတယ်။ ထိုဥပဒေများဟာ ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိရန် လိုအပ်လာခြင်း၊ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒများနှင့် လိုက်လျောညီထွေရှိရန် လိုအပ်လာခြင်း စသည်တို့ကြောင့် နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ဥပဒေများနှင့် လျော်ညီသောဥပဒေဖြစ်စေရန် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်၊ နိုင်ငံအတွင်း အရင်းအနှီးဈေးကွက်(Company Market)များ ဖွံ့ဖြိုးတိုးတက်စေရန်၊ အီလက်ထရောနစ် မှတ်ပုံတင်နည်းလမ်းဖြင့် ကုမ္ပဏီများအား ဖွဲ့စည်းမှတ်ပုံတင်ပေးခြင်းအားဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်တို့ကို ရည်ရွယ်ပြီး ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေတို့ကို ပေါင်းစည်း၍ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်ကို ပြင်ဆင်ရေးဆွဲတင်ပြခြင်း ဖြစ်ပါတယ်။

အဆိုပါ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စီးပွားရေးမိတ်ဖက်အဖွဲ့အစည်းများထံမှ သဘောထားမှတ်ချက်များ ရယူပြုစုရေးဆွဲခဲ့ပြီးတော့ ၅-၁-၂၀၁၇ မှာ ကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၁/၂၀၁၇ ကလည်း သဘောတူအတည်ပြုပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားတဲ့ အဆိုပါ ဥပဒေကြမ်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရဲ့ ဝက်ဆိုဒ်မှာ တင်၍လည်းကောင်း၊ နိုင်ငံပိုင် သတင်းစာများမှာ ဖော်ပြ၍လည်းကောင်း အများပြည်သူရဲ့ အကြံပြုချက်များကိုလည်း ရယူဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းမှာ အပိုင်း(၈)ပိုင်း၊ အခန်း(၃၂)ခန်း၊ ပုဒ်မ(၄၇၈)ခု ပါဝင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနဲ့ (၆)ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးတော့ လိုအပ်သည်များကိုလည်း ပြင်ဆင်ပေးထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအထောက်အကူပြုစေမယ့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နည်းဥပဒေများကို ပြည်တွင်းပြည်ပ

ရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာစေရန် ပြဋ္ဌာန်းပြီးဖြစ်ရာ အဆိုပါ ရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့် တွဲဖက်ကျင့်သုံးရမည့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ ပြင်ဆင်ရေးဆွဲပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများအား တိုးတက်စေခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်ငြိမ်ခိုင်မာမှုတို့ကို ဦးတည်ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းတစ်ရပ်လုံးအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၀၁။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးက တင်သွင်းတဲ့ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမြမင်းဆွေ က ထောက်ခံပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁:၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ယခုအဆိုမှာ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့် အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကိုသဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ ပြည်ထဲရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး အခန်း (၉)ခန်း၊ ပုဒ်မ(၃၁)ခု ပါရှိပါတယ်။ မူးယစ်ဥပဒေကို ပြဋ္ဌာန်းကျင့်သုံးခဲ့သည်မှာ နှစ်ပေါင်း(၂၀)ကျော် ကြာမြင့်ခဲ့ပြီဖြစ်တဲ့အတွက် ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ပြင်ဆင်နိုင်ရန် ၂၀၁၄ ခုနှစ်မှစ၍ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ကုလသမဂ္ဂမှ ဥပဒေကျွမ်းကျင်သူပညာရှင်များ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်း များ ပါဝင်တဲ့အဖွဲ့များနှင့် မိမိနိုင်ငံရဲ့ အခြေအနေ၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြင်ဆင်နိုင်ဖို့ အတွက် အလုပ်ရုံဆွေးနွေးပွဲများကို (၄)ကြိမ်တိုင် ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ရဲ့ ဥပဒေရေးရာအကြံပေးအဖွဲ့ အစည်းအဝေးများကိုလည်း အပတ်စဉ်ပြုလုပ်ပြီး လိုအပ်သည့် ပြင်ဆင်ဖြည့်စွက် အတည်ပြုချက်များကိုလည်း အလေးထားဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဥပဒေအကြံပေးအဖွဲ့ရဲ့ အစည်းအဝေးများမှ ဆွေးနွေးပြင်ဆင်ပြီးသော ဥပဒေမူကြမ်းကို သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြစ်တဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ရဲ့ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များကိုလည်း တောင်းခံ ပြင်ဆင် ဆောင်ရွက်ခဲ့ပါတယ်။ ရရှိလာတဲ့ သဘောထားမှတ်ချက်များနှင့်အညီ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ အကြံပြုချက်(၇)ချက် ကိုလည်း ပြန်လည် ပြင်ဆင်ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏သဘောထားတောင်းခံဆောင်ရွက်ကာ

ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးများသို့ တင်ပြ အတည်ပြုချက်ရယူပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှာတော့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြခဲ့ပါတယ်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်မှ လွှတ်တော်သက်တမ်းအတွင်း အချိန်လုံလောက်မှု မရှိတဲ့အတွက်ကြောင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်ပေးပို့ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ပြင်ဆင်မယ့် ဥပဒေမူကြမ်းကို လက်ရှိအစိုးရရဲ့ မူဝါဒနှင့်လည်း ကိုက်ညီမှုရှိစေရေးအတွက် ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်နေ့မှစ၍ ပြန်လည်စိစစ်ခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ဆက်စပ်ဝန်ကြီးဌာန(၈)ခု၊ လုပ်ငန်းအဖွဲ့(၁၀)ခု၊ တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များနှင့် ပြည်တွင်းပြည်ပမှာရှိတဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ ပြင်ဆင်ဖြည့်စွက် အကြံပြုချက်များ တောင်းခံဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်များ တောင်းခံဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်သမ္မတရုံးသို့ ပြန်လည်ပေးပို့တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြသဘောတူညီချက်များ ရယူဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ဖို့အတွက် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့တို့မှာ ကြေးမုံသတင်းစာမှာလည်းကောင်း၊ မတ်လ ၁၉ ရက်နေ့ နှင့် ၂၀ ရက်နေ့တို့မှာ မြန်မာ့အလင်းသတင်းစာမှာလည်းကောင်း ဖော်ပြပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိ မူးယစ်ဥပဒေကို ပုဒ်မ(၇)ခု ထပ်မံဖြည့်သွင်းခြင်း၊ ပုဒ်မခွဲ(၁၉)ခု ပြင်ဆင်ခြင်း၊ ပုဒ်မခွဲ(၂၀) ဖြည့်စွက်ခြင်း၊ ပုဒ်မတစ်ခုနှင့် ပုဒ်မခွဲ(၄)ခု ပယ်ဖျက်ခြင်းများ ဆောင်ရွက်ထားရှိပါတယ်။

ဥပဒေကို အဓိကပြင်ဆင်ခဲ့တဲ့ အချက်များအနေနဲ့ကတော့ ပထမအချက်အနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ပတ်သက်၍ လက်ရှိဥပဒေ ပုဒ်မ(၉)ခုမှ ပုဒ်မခွဲ(၃)ခုမှာပါရှိတဲ့ မှတ်ပုံတင်၍ ဆိုသော စကားရပ်ကို ပယ်ဖျက်ပြီး ပုဒ်မခွဲ(၆)ခုကို ထပ်မံဖြည့်စွက်ထားရှိပါတယ်။ ဒုတိယအချက်အနေနဲ့ ပုဒ်မ ၁၀ မှတ်ပုံတင်ခြင်းကို ပယ်ဖျက်တဲ့ ပုဒ်မ မလိုအပ်တော့တဲ့အတွက် ပယ်ဖျက်ထားရှိကြောင်း တင်ပြအပ်ပါတယ်။ တတိယအချက်မှာ ဆက်သွယ်ရေးလုပ်ငန်းများမှ မှတ်တမ်းများကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့် ပုဒ်မ ၁၃(င)၊ ၁၄(က)နဲ့ ၁၇(က) တို့ကို ဖြည့်စွက်ထားရှိကြောင်း တင်ပြအပ်ပါတယ်။ စတုတ္ထအချက်အနေနဲ့ကတော့ ပုဒ်မ ၁၅ မှာ မူးယစ်ဆေးဝါးသုံးစွဲသူများနဲ့ ပတ်သက်တဲ့ ပြစ်ဒဏ် ပြင်ဆင်ထားရှိကြောင်း တင်ပြအပ်ပါတယ်။ ပဉ္စမအချက်မှာ ပုဒ်မ ၂၄(က)နဲ့ (ခ)တို့မှာ မူးယစ်ဆေးဝါးများ စီမံခန့်ခွဲရန်နှင့် သက်သေခံပစ္စည်းများ လွှဲပြောင်းပေးအပ်နိုင်ရေး အစားထိုးပြင်ဆင်ထားရှိပါတယ်။ အပိုဒ် ၆ မှာတော့ ပုဒ်မ ၂၈ တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ရန်ပုံငွေ ထူထောင်နိုင်ရန်နှင့် ဆုချီးမြှင့်နိုင်ရန်

အတွက် ပုဒ်မ ၂၈ တွင် ပုဒ်မခွဲ(ဎ)ခုကို ထပ်မံဖြည့်စွက်ထားရှိကြောင်း တင်ပြအပ်ပါတယ်။ ပြင်ဆင်ထားရှိသည့် ဥပဒေမူကြမ်းကို ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၁၇)မှာ အတည်ပြုပြီး ဖြစ်တဲ့အတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ) အရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြတဲ့ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇-၃၆၆

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ၂၄ ရက်

၁။ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ဖို့ ပေးပို့လာပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ဥပဒေကြမ်းကော်မတီဟာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ပညာရှင်များနှင့် အစည်းအဝေးများ အကြိမ်ကြိမ် ပြုလုပ်ပြီးတော့ တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။

ဒီ့အပြင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပေးပို့လာတဲ့ အကြံပြုချက်များကိုလည်း ထည့်သွင်း စဉ်းစားသုံးသပ်ပြီးတော့မှ ပြင်ဆင်ချက်များကို ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ လေ့လာ တွေ့ရှိချက်များကို တင်ပြပါမယ်။

## လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ခဲ့တဲ့နေရာမှာ-

(က) မူလဥပဒေကြမ်း အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)မှာ ဖော်ပြထားတဲ့ စကားရပ်တွေအစား ပုဒ်မ ၉၊ ပုဒ်မခွဲ(က) နှင့် (ခ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်သည့်ဌာန၊ ဂေဟာ သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရ အသိအမှတ်ပြု ဆေးကုသဌာန၊ ဂေဟာတွင် ဆေးကုသမှုခံယူရမည်။

( ခ ) ဆေးဝါးသုံးစွဲသူအား ဆေးကုသပေးရေးနှင့် ဆေးကုသမှုပြီးဆုံးပါက သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင် ရေးစခန်းသို့ လွှဲပြောင်းပေးပို့ရန်အတွက် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနသည် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည် ဆိုတဲ့ စကားရပ်များနှင့် အစားထိုး ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

( ခ ) မူလဥပဒေကြမ်းရဲ့ အပိုဒ် ၁၀ ကိုတော့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၁ တွင် ပါရှိသော ဆေးဝါးသုံးစွဲသူများ အား ပြန်လည်ထူထောင်ရေး၊ ဆက်လက်စောင့်ရှောက်ရေး ဆိုသည့် စကားရပ်ကို ဆေးဝါးသုံးစွဲသူများအား ပြုစုပျိုးထောင်ရေး၊ ပြန်လည်ထူထောင်ရေး ဆိုသည့် စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း တွေ့ရှိရပါတယ်။

အပိုဒ် ၁၃ အဖြစ်တော့-

၁၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၁၂။ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနတို့သည် ပုဒ်မ ၁၅ အရ လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက် စေသော ဆေးဝါးသုံးစွဲသူအား လိုအပ်ပါက ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ်

ပြန်လည်ထူထောင်ရေးစခန်းသို့ ပြန်လည်ပို့ဆောင်ပေးခြင်း သော်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းကို သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်လို့ အသစ်ဖြည့်စွက်သင့်ကြောင်း တင်ပြလိုပါတယ်။

(ဂ) မူးယစ်ဆေးဝါးသုံးစွဲသူတွေကို အကျဉ်းချသည့် ပြစ်ဒဏ် ချမှတ်ခြင်းမပြုတော့ဘဲနဲ့ လူသားချင်းစာနာတဲ့ လူမှုအကျိုးပြု လုပ်ငန်းတွေ ဆောင်ရွက်စေခြင်းဖြင့် လမ်းကြောင်းမှန်ပေါ်ကို ပြန်လည်ပြုပြင်ပေးနိုင်ရန်အတွက် အပိုဒ် ၁၆ နဲ့ ၁၇ ကိုလည်း အသစ်ဖြည့်စွက်သင့်ကြောင်း တင်ပြလိုပါတယ်။ အသစ်ဖြည့်စွက်သင့်တဲ့ အပိုဒ် ၁၆ နဲ့ ၁၇ ကတော့ -

၁၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ အခန်း(၇)၏နောက်တွင် အခန်း(၇-က) နှင့် ပုဒ်မ ၁၅ တို့ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည် -

## အခန်း (၇-က)

## လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်စေခြင်း

၁၅။ ဆေးဝါးသုံးစွဲသူသည် ပုဒ်မ ၉၊ ပုဒ်မခွဲ(ဆ) အရ ဤကိုစ္စအလို့ငှာ ဖွင့်လှစ်ထားသော ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည် ထူထောင်ရေး စခန်းသို့ ပို့အပ်ထားသည့်ကာလအတွင်း သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေး စခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် လူမှုအကျိုးပြုလုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လမ်း၊ တံတားများ ပြုပြင်ခြင်း၊ လူမှုရေးအဖွဲ့များနှင့် ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ကြီးကြပ်သူရှေ့မှောက်၌ နှိမ့်ချခြင်း၊ ခွဲခြားဆက်ဆံခြင်း သဘောမသက်ရောက်သည့် သတ်မှတ်ထားသော ဝတ်စုံကို ဝတ်ဆင်လျက် တစ်ရက် (၂)နာရီဖြင့် အနည်းဆုံး နာရီ (၁၈၀)မှ အများဆုံး နာရီ (၂၄၀) အထိ ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့ လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ အခန်း(၈)၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ အခန်းတွင်ပါရှိသော မူလပုဒ်မ ၁၅ ကို ပယ်ဖျက်ရမည်။

(ဃ) ဥပဒေကြမ်းရဲ့ အပိုဒ် ၂၃ ကိုတော့

၂၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ အခန်း(၈) ခေါင်းစဉ်၏နောက်တွင် အခန်း(၈-က)၊ ပုဒ်မ ၂၈-က၊ ၂၈-ခ နှင့် ၂၈-ဂ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**အခန်း(၈-က)**

**ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း**

လို့ ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း တင်ပြလိုပါတယ်။

ဥပဒေကြမ်းရဲ့ အပိုဒ် ၂၃ မှာ ပါရှိတဲ့ -

(င) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည် ဆိုသည့်စကားရပ်ကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပေးသွင်းသည့် ဘဏ္ဍာရန်ပုံငွေမှ ၁၀% ကို ဆုငွေ အဖြစ် သတ်မှတ်ပေးရမည်ဆိုသည့် စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဒ်မခွဲ(က) အရ ပေးသွင်းခဲ့သည့် ရန်ပုံငွေ၏ ရာခိုင်နှုန်း တစ်ရပ်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ ကာကွယ် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်သည် ဆိုသည့် စကားရပ်တို့ဖြင့် အသီးသီးပြင်ဆင်ဖြည့်စွက်သင့်ကြောင်း တင်ပြလိုပါတယ်။

(စ) ဥပဒေကြမ်းရဲ့ အပိုဒ် ၂၄ ကို အသစ်ဖြည့်စွက်ဖို့အနေနဲ့ကတော့ -

၂၄။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

၂၇။ ဗဟိုအဖွဲ့၏ ရုံးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက် ရမည်။

(ဆ) နည်းဥပဒေများ ထုတ်ပြန်ရာမှာ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၂၅ မှာ ဖော်ပြထားတဲ့ စကားရပ်တွေအစား ဗဟိုအဖွဲ့သည် ဆိုတဲ့စကားရပ်ကို ပြည်ထဲရေးဝန်ကြီးဌာနသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ဆိုသည့်စကားရပ်ကို ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးပြင်ဆင်သင့်ကြောင်း တင်ပြလို ပါတယ်။

(ဇ) မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ) မှာ ပါရှိသော မူရင်းဥပဒေ ပြင်ဆင်ချက် ပုဒ်မခွဲ(ဇ)၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(ဃ) တွင်ပါရှိသော မူရင်း ဥပဒေ ပြင်ဆင်ချက် ပုဒ်မခွဲ(ဈ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၀၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၁ တွင် ပါရှိသော မူရင်းဥပဒေပြင်ဆင်ချက် ပုဒ်မ ၂၈-က

တို့ကိုတော့ မလိုအပ်တဲ့ အတွက်ကြောင့်မို့လို့ ပယ်ဖျက်သင့်ကြောင်း တင်ပြလိုပါတယ်။

(ဈ) တည်ဆဲမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် ညီညွတ်မှုရှိစေရန် ဤဥပဒေကြမ်းတွင် ပါရှိသော မူးယစ်ဆေးဝါး ဆိုသည့် စကားရပ်များ အားလုံးကိုတော့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုသည့်စကားရပ်ဖြင့် အသုံးအနှုန်း မှန်ဖို့အတွက် အစားထိုးပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

၃။ မြန်မာစာအရေးအသား မှန်ကန်မှုရှိစေရန်၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်နှင့် အပိုဒ်၊ အပိုဒ်ခွဲတွေ ပယ်ဖျက်တာ၊ အသစ်ဖြည့်စွက်တာတွေ ပြုလုပ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ပြောင်းလဲသွားသည့် အမှတ်စဉ်များကိုလည်း တစ်ပါတည်း ပြင်ဆင်ပြီးတော့ လွှတ်တော်ကြီးကို ကန့်လန့်ဖြတ်ဇယားနှင့် ပူးတွဲ တင်ပြထားပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါမယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၄။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအနေနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်အသီးသီးနှင့် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်တဲ့အတွက်ကြောင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ အလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၈-၇-၂၀၁၇ (သောကြာနေ့) ညနေ ၁၆း၀၀ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို (၁၅) မိနစ်ခန့် ခေတ္တ ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၃ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၄။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ၃၀-၆-၂၀၁၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း၊ ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ၃-၇-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄၊ နည်းဥပဒေခွဲ(က) အရ လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကိုအမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဒေါ်အိအိပြုံး (အဖွဲ့ဝင်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင့်။ ကျွန်မကတော့ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ အဖွဲ့ဝင် ဒေါ်အိအိပြုံး ဖြစ်ပါတယ်ရှင့်။ ကော်မတီ၏တာဝန်ပေးချက်အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးကာလအထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါ တယ်ရှင်။ လွှတ်တော်ရဲ့အချိန်ကို လေးစားသောအားဖြင့် အစီရင်ခံစာမှ အရေးကြီးသည့် အကြောင်းအရာ များပဲ ဖတ်ကြားသွားမှာဖြစ်ပါတယ်ရှင်။

## ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေးတွင် ဖတ်ကြားတင်သွင်းမည့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

**နိဒါန်း**

၁။ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အလုပ်သမားများသည်လည်း နိုင်ငံတော် အတွက် အရေးပါသော အခြေခံလူတန်းစားများဖြစ်ပါတယ်။ ထို့ကြောင့် အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် အမျိုးသားလွှတ်တော်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှစ၍ ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ ၁၉-၂-၂၀၁၆ ရက်နေ့မှ ယနေ့အထိ လုပ်ဆောင်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တင်ပြအစီရင်ခံ သွားမှာဖြစ်ပါတယ်ရှင်။

**ကော်မတီဖွဲ့စည်းခြင်း**

၂။ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ၊ အမျိုးသားလွှတ်တော်၏ ၁၉-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၆) ဖြင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ဥက္ကဋ္ဌ ဦးကျော်ထွေး အပါအဝင်

အဖွဲ့ဝင်(၁၅)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် စုစုပေါင်း(၁၄)ဦးဖြင့် ပြန်လည် ဖွဲ့စည်းခဲ့ပါတယ်ရှင်။

**ကော်မတီအစည်းအဝေးများကျင်းပခြင်း**

၃။ ကော်မတီ၏ အစည်းအဝေးများအား စုစုပေါင်း (၃၉)ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်ရှင်။

**အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း**

၄။ ကော်မတီသည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပြည်ပအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်ရှင်။

**အထွေထွေ တွေ့ဆုံခြင်း**

၈။ ၁-၃-၂၀၁၆ ရက်နေ့တွင်ကော်မတီသည် DVB ရုပ်သံနှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်၍ ကော်မတီဖွဲ့စည်းပုံ၊ ကော်မတီတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများအား အများပြည်သူသိရှိစေရန် ရှင်းလင်းပြောကြားခဲ့ပါတယ်ရှင်။

**လက်ခံရရှိသော တိုင်ကြားစာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိခြင်း**

၉။ အမျိုးသားလွှတ်တော်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ၁၉-၂-၂၀၁၆ ရက်နေ့မှ ယနေ့အထိ ပြည်သူများထံမှ အလုပ်သမားများနှင့်စပ်လျဉ်း၍ တိုင်ကြားစာ (၁၃၃)စောင် လက်ခံရရှိခဲ့ပြီး၊ ကော်မတီသို့ မိတ္တူပေးပို့လာသော ဆောင်ရွက်ရန်မလိုသည့် တိုင်ကြားစာများကို ကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် ဖိုင်တွဲသိမ်းဆည်းသည့် အမှုတွဲ (၈၅) စောင်၊ ကော်မတီအဖွဲ့ဝင်များမှ တိုင်ကြားသူ ကာယကံရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ပြီး အမှုတွဲ (၁၅)စောင်၊ ဆောင်ရွက်ပြီး ပန်ဒါချည်မျှင်၊ အထည်နှင့် အချောကိုင်စက်ရုံ (ပလိပ်) အမှုတွဲ (၁၀)စောင်၊ လက်ရှိဆောင်ရွက်ဆဲ အမှုတွဲ (၅)စောင်၊ တိုင်ကြားစာ (၁၁)စောင်အား ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များနှင့်အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပြီး ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးပို့ခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖြေရှင်းဆောင်ရွက်ပြီး၍ ကော်မတီသို့ ပြန်လည်ပေးပို့လာသည့်ပြန်ကြားစာ (၇)စောင်နှင့် အဆိုပါပြန်ကြားစာများကို ပြန်လည်သုံးသပ်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှု ခံယူခဲ့ပါတယ်ရှင်။

**အခြားဆောင်ရွက်ချက်များ**

၁၀။ ကော်မတီ၏ အခြားဆောင်ရွက်ချက်များမှာလည်း အောက်ပါအတိုင်း ဖြစ်ပါတယ်-

(က) အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ကော်မတီတွင် အကြိမ်ကြိမ်ဆွေးနွေးပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့ကို ၈-၁၂-၂၀၁၆ ရက်နေ့

တွင် ဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးကာ ၁၆-၁-၂၀၁၇ ရက်နေ့တွင် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြနိုင်ခဲ့ပါတယ်။

(ခ) ကော်မတီသည် အခါအားလျော်စွာ ကမ်းလှမ်းဖိတ်ကြားလာသည့် Workshop များ၊ Seminarများ၊ Debate များသို့လည်း ကော်မတီဝင်များမှ တက်ရောက် ဆွေးနွေးခြင်းနှင့် စီမံကိန်းဘတ်ဂျက်များ လုပ်ငန်းစီမံချက် ရေးဆွဲခြင်းဆိုင်ရာ ရက်တိုသင်တန်းများကိုလည်း တက်ရောက်ခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှ အခါအားလျော်စွာ ပေးအပ်လာသည့် တာဝန်များအား ထမ်းဆောင် ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များ**

၁၁။ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄ နှင့်အညီ ကော်မတီမှ ဆောင်ရွက်ခဲ့ပြီးသော အလုပ်သမားရေးရာ အငြင်းပွားမှု ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်အတွင်း လက်ခံဆွေးနွေး အတည်ပြု နိုင်ပါက အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုပြဿနာများကိုလည်း အောင်မြင်စွာ ဖြေရှင်းနိုင်ပါလိမ့်မည်ရှင်။

( ခ ) ကော်မတီသည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ၊ ILO ကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပိုမိုရင်းရင်းနှီးနှီး ဆက်ဆံနိုင်ပါက အလုပ်သမားထုအတွက် အကျိုးမပြုသော ဥပဒေများ၊ လက်တွေ့မကျတော့သော ဥပဒေများကို လိုက်နာ ဆောင်ရွက်ရန် ခက်ခဲသောဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရာတွင် ပိုမို၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပါမည်။

( ဂ ) ကော်မတီသို့ တိုင်ကြားလာသော အလုပ်ရှင်၊ အလုပ်သမား ပြဿနာများကို ဥပဒေနှင့်အညီ အကြံပြုရာတွင် နှစ်ဖက်အငြင်းပွားသူများနှင့် သက်ဆိုင်ရာဆက်စပ် အဖွဲ့အစည်းများကို ကွင်းဆင်းစုံစမ်းနိုင်ပါက တရားမျှတမှု ဖော်ဆောင်နိုင်ရေး အတွက် အနီးစပ်ဆုံး အဖြေရှာပေးနိုင်ပါလိမ့်မည်။

**ကွင်းဆင်းဆောင်ရွက်ခြင်း**

၁၂။ ကော်မတီ၏ ကွင်းဆင်းဆောင်ရွက်ချက်များမှာလည်း အောက်ပါအတိုင်း ဖြစ်ပါတယ်-

(က) ၈-၂-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ မန္တလေး တိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပန်ဒါချည်မျှင်၊ အထည်နှင့် အချောကိုင် စက်ရုံ (ပလိပ်)သို့ ကွင်းဆင်းစစ်ဆေးရာ ဆန္ဒပြအလုပ်သမားခေါင်းဆောင်များ၏ မေတ္တာ

ရပ်ခံချက်အရ ကော်မတီမှ စေ့စပ်ညှိနှိုင်းပေးခဲ့ရာ အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက် သဘောတူညီချက်ရရှိခဲ့ရာ ၉-၂-၂၀၁၇ ရက်နေ့တွင် နှစ်ဖက်သဘောတူ စာချုပ် ချုပ်ဆို နိုင်ခဲ့ပြီး (၈)လ ကျော်ကြာမြင့်ခဲ့သည့် အလုပ်သမား ဆန္ဒပြမှုကြီးကို ပြီးဆုံး အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

(ခ) ၈-၄-၂၀၁၇ ရက်နေ့တွင်လည်း လှိုင်သာယာစက်မှုဇုန်၊ Myanmar Maysan အလုပ်သမားသမဂ္ဂအဖွဲ့အစည်း ဖိတ်ကြားချက်အရ ဥက္ကဋ္ဌ ဦးကျော်ထွေးနှင့် အဖွဲ့ဝင် ဦးကြည်ဝင်းတို့ တက်ရောက်ပြီး Good Morning စက်ရုံ၏ တစ်လကျော် ကြာ အငြင်းပွားမှုများကိုလည်း ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

(ဂ) ၂၈-၄-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ မန္တလေး တိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၊ ပန်ဒါချည်မျှင်၊ အထည်နှင့် အချောကိုင်စက်ရုံ (ပလိပ်)သို့ ကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေးနှင့် အဖွဲ့ဝင် ဦးလှဆန်း တို့သည် ထပ်မံ ကွင်းဆင်း၍ စာချုပ်ပါအချက်အလက်များအပေါ် နှစ်ဖက်လိုက်နာမှု အခြေအနေ များကိုလည်း လေ့လာပြီး သဘောထားကွဲလွဲမှုများကိုလည်း ညှိနှိုင်းပေးနိုင်ခဲ့ပါတယ်။

**နိဂုံး**

၁၃။ အမျိုးသားလွှတ်တော်၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီသည် နိုင်ငံတော်၏ အခြေခံကျသော အလုပ်သမားများ၏ လူနေမှုဘဝမြင့်မားအောင် ဆောင်ရွက်ခြင်းအားဖြင့် ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော်ကြီး အောင်မြင်စွာ တည်ဆောက်နိုင်ရန် ကူညီဖော်ဆောင်ပေးသည့် ကော်မတီ တစ်ရပ်ဖြစ်စေရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူ၍ ကော်မတီ၏ လုပ်ငန်းတာဝန် များကို ကျေပွန်စွာ ကြိုးစားထမ်းဆောင်လျက်ရှိပါကြောင်း တင်ပြအစီရင်ခံရင်း နိဂုံးချုပ်ပါတယ်။

ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကိုဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ (၆)မိနစ်အတွင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၉။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်ကြီးမှာ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာအပေါ် အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီကော်မတီရဲ့ အစီရင်ခံစာအပေါ် ပြီးခဲ့တဲ့ အစီရင်ခံစာတင်တုန်းကလည်း အကြံပြုဆွေးနွေးခဲ့ပြီးပါပြီ။ အခု စတုတ္ထအကြိမ်အတွက် တင်သွင်းတဲ့ အစီရင်ခံစာအပေါ်မှာလည်း အကြံပြုဆွေးနွေးသွားပါမယ်။

ပြီးခဲ့တဲ့ အစီရင်ခံစာတင်တုန်းက ဆွေးနွေးခဲ့သလို ဒီကော်မတီဟာ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ် ကျွန်တော်တို့ရဲ့ လွှတ်တော်အတွက် အင်မတန်အရေးကြီးတဲ့ ကော်မတီတစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ရဲ့ အသက်ဝိညာဉ်ကော်မတီတစ်ရပ်လို့ ကျွန်တော်ဆိုလိုပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေဟာ ပြည်သူတွေကို အကျိုးပြုရန်အတွက် မိမိမဲဆန္ဒနယ်ကို သွားရောက်ပြီး ပြည်သူတွေရဲ့ တင်ပြချက်တွေကို အချက်အလက်တွေ ရှာဖွေစုဆောင်းပြီး အချိန်တွေ ပေးပြီးတော့ မေးခွန်းတွေ၊ အဆိုတွေ တင်ကြရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကြိုးစားသလောက် အောင်မြင်မှုရခဲ့တာတော့ မဟုတ်ပါ။ မေးခွန်းတွေ၊ အဆိုတွေ ကတိတွေဖြစ်လာတဲ့အခါ ကျွန်တော်တို့က ပြည်သူတွေကို ပြန်လည်ချပြရတဲ့အခါ မျက်နှာပူရပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း တာဝန်မကျေသလို ခံစားရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေက အစိုးရထက် ပြည်သူတွေနဲ့ တွေ့ဆုံမှု၊ ထိတွေ့မှု ပိုမိုများနေလို့ပါ။

အခု အစီရင်ခံစာကလည်း မေးခွန်းပေါင်း(၉၀)တွင် (၅၀)ပဲ ကတိဖြစ်ပေါ်ပြီး ကြယ်ပွင့်မပြ (၁၃၀)တွင် (၇၆)စောင်ပဲ ကတိဖြစ်ပေါ်တာ တွေ့ရပါတယ်။ လွှတ်တော်(၄)ကြိမ်တွင် မေးခွန်းပေါင်း

(၆၆၄)စောင်တွင် (၃၇၁)စောင်ပဲ ကတိဖြစ်ပေါ်တာ တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော် (၅)ကြိမ်တွင် ကျေးရွာချင်းဆက်လမ်း၊ လမ်းနဲ့ပတ်သက်ပြီး ကြယ်ပွင့်ပြ(၅)ကြိမ် မေးမြန်းခဲ့ပါတယ်။ တစ်ခုမှကိုပင် ဝန်ကြီးအနေနဲ့ လုပ်ပေးမယ်လို့ ကတိမဖြစ်ဖူးပါ။ အဲဒီတော့ ကျွန်တော် မေးမြန်းတဲ့ ကျေးရွာချင်းဆက်လမ်းတွေဟာလည်း ပြည်သူတွေမှ အမှန်တကယ်တင်ပြ၍ လုပ်ဆောင်ပေးရမယ့် ကျေးရွာချင်းဆက်လမ်းတွေပဲ ဖြစ်ပါတယ်။ ကတိရရှိရန် အင်မတန်ခက်ခဲသလားလို့ ခံစားကြရပါတယ်။

ကျွန်တော့်အနေနဲ့လည်း စတုတ္ထအကြိမ်အထိ မေးခွန်းပေါင်း(၂၆)စောင်အထိ မေးမြန်းခဲ့ပြီးဖြစ်ပါတယ်။ ကတိရရှိမှု(၁၂)စောင် ရှိခဲ့ပါတယ်။ ကတိရရှိခဲ့ပြန်တော့လည်း အစိုးရမှ ဆက်လက်အကောင်အထည်ဖော်ရန်အတွက် ဘဏ္ဍာငွေလျာထားမှုတွင် ကတိအတိုင်း ပါမလာတာတွေ၊ ကတိအတိုင်း မလုပ်ဆောင်နိုင်သေးတဲ့အရာတွေ တွေ့နေရပါတယ်။ ကျွန်တော့်ရဲ့ ကတိဖြစ်ပေါ်မှု(၁၂)ခုတွင် အကောင်အထည်ဖော်နိုင်ရေးအတွက် ဘဏ္ဍာငွေလျာထားမှုစာရင်းတွင် (၇)ခုပဲ ပါဝင်တာတွေ့ရပြီး (၅)ခုမှာ ပါလာခြင်းမရှိပါ။ အဲဒါတွေဟာ ကျန်းမာရေးဝန်ကြီးဌာနမှ ဆင်အိုးချိုင်ကျေးရွာနဲ့ ပြည်သူ့ကျေးရွာကို ကျန်းမာရေးဌာနအဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ပေးရန်နှင့် လိပ်မကျေးရွာအား ကျန်းမာရေးဌာန(ခွဲ)အဖြစ် ၂၀၁၆-၂၀၁၇ တွင် ဖွင့်လှစ်ပေးရန်ဆိုပြီး ကတိတွင်ပါဝင်ပြီး အခုထိ ဆောင်ရွက်မှုမရှိသေးပါ။ နောက်ထပ် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျားနင်းကန် အ.ထ.က (ခွဲ)သရက်တပင်အ.ထ.က ကျောင်းတွင် နှစ်ထပ် RC၊ မီးဝကျေးရွာ အ.လ.က (ခွဲ)ကျောင်းဆောင်သစ်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ဟု ကတိပါဝင်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာငွေ လျာထားစာရင်းတွင် ပါဝင်ခြင်းမရှိပါ။

နောက်တစ်ချက်အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကျွန်တော်တို့ ကျောက်တော်မြို့နယ်၊ ကမ်းနားလမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ဟု ကတိပါဝင်ပြီးရန်ပုံငွေလျာထားတွင် ပါဝင်မှုမရှိပါ။ ဒီအချက်တွေဟာ ကတိဖြစ်ပေါ်ပြီး ဆောင်ရွက်အကောင်အထည်ဖော်ရန် ကျန်နေခဲ့တဲ့ ကတိတွေလို့ ကျွန်တော် ဆိုချင်တာပါ။ ကျွန်တော့်လိုပဲ တခြား လွှတ်တော်ကိုယ်စားလှယ်များလည်း ကတိတွေလည်း ကျန်နေခဲ့ဦးမှာလို့ ကျွန်တော်ထင်ပါတယ်။ ဒါတွေကို ဒီကော်မတီအနေဖြင့် စာရင်းပြုစုပြီး အခုအစီရင်ခံစာတွင်လည်း တင်သွင်းဖော်ပြသင့်တယ်လို့ အကြံပြုလိုပါတယ်။ ကော်မတီအနေဖြင့် ဘဏ္ဍာငွေလျာထားမှု ကျန်ကတိနှင့် အကောင်အထည်ဖော်ရန် ကျန်နေတဲ့စာရင်းတွေကို ဆောင်ရွက်ရန် ကျန်စာရင်းဆိုပြီး ဇယားဖြင့် သီးခြားဖော်ပြသင့်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနကိုလည်း မပြတ်တိုက်တွန်းနေရမှာ ဖြစ်ပါတယ်။ ဒါမှသာ ကိုယ်စားလှယ် မေးမြန်းလိုက်တဲ့ ပြည်သူတွေကို ဆောင်ရွက်ပေးမယ်လို့ ကတိခံလိုက်တဲ့အရာတွေ ပိုပြီး မြင်သာလာမှာဖြစ်ပါတယ်။ အစိုးရအပေါ် လွှတ်တော်မှ ထိန်းညှိပေးရာလည်း ရောက်ပါတယ်။

နောက်တစ်ချက်အနေနဲ့ အကြံပြုလိုတာက ကျွန်တော်တို့ ကိုယ်စားလှယ်တွေ မေးလိုက်တဲ့ မေးခွန်းတွေအပေါ် လာဖြေတဲ့ဝန်ကြီးဌာန လွဲနေတာ တွေ့ရပါတယ်။ ဥပမာ- ၁၂-၇-၂၀၁၇ ရက်နေ့က ကျွန်တော်မေးမြန်းတဲ့ ကျေးရွာချင်းဆက်လမ်းဟာ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှုဝန်ကြီးဌာနပိုင်လို့ ဝန်ကြီးကိုယ်တိုင်ကလည်း ပြောပါတယ်။ လာဖြေသွားတာက ကျေးလက်ဝန်ကြီးပါ။

ကွဲလွဲနေ ပါတယ်။ ဒီနေ့ဆိုရင်လည်း ကိုယ်စားလှယ်တော်ကြီး ဒေါ်မမလေး မေးတဲ့မေးခွန်းအပေါ် လာဖြေတဲ့ ဝန်ကြီး ကွဲလွဲနေတာ တွေ့ရပါတယ်။ အဲဒီတော့ ကတိဖြစ်ပေါ်မှု အားနည်းသွားပါတယ်။ အဲဒါကြောင့် မေးခွန်းတွေအပေါ်မှာ လုပ်ပိုင်ခွင့်ရှိတဲ့ ဝန်ကြီးတွေက လာဖြေကြဖို့ ကော်မတီရဲ့ အစီရင်ခံစာမှာလည်း ဖော်ပြပေးသင့်ပါတယ်။

နိဂုံးချုပ်အနေဖြင့် မင်းမှာ သစ္စာ၊ လူမှာ ကတိ ဆိုသလို ကတိတစ်လုံးဟာ အင်မတန်မှကို အရေးကြီးပါတယ်။ အစိုးရအနေနဲ့လည်း ပြည်သူလူထုအပေါ်မှာ ကတိပေးရမှာ၊ ကတိပေးရဲရမှာ၊ ကတိပေးဝံ့ရမှာ ဖြစ်ပါတယ်။ အစိုးရမှ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ ပေးလိုက်တဲ့ ကတိကို ကော်မတီရဲ့ စွမ်းဆောင်ရည်၊ လုပ်ဆောင်ချက်အဖြစ်သာ ကျွန်တော်တို့ ကိုယ်စားလှယ်၊ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာကို ဖော်ဆောင်ပေးနေပါတယ်။ အဲဒါကြောင့် နောင်လာမည့် အစီရင်ခံစာများတွင်လည်း ဒီထက်ပြည့်စုံကောင်းမွန်တဲ့ အစီရင်ခံစာမျိုး ကြိုးစားပေးပါလို့ အကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခ)သန်းစိုး(ဘောဂဗေဒ) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၅။**

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်ကတော့ ဒီ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနဲ့ပတ်သက်ပြီးတော့မှ အစီရင်ခံစာကို ဆွေးနွေးပြီးတော့ အကြံပြုချက်များကိုလည်း တစ်ပါတည်း ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီများဟာ လွှတ်တော်အသေးစားများဖြစ်တယ်လို့ ကျွန်တော်တို့ ကြားမှတ်သိဖူးပါတယ်။ ကျွန်တော်ကလည်း ဒီ အစီရင်ခံစာတွေနဲ့ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေ ပုဒ်မ ၉(က)(ဂ)နဲ့ နည်းဥပဒေပုဒ်မ ၁၀၀ တို့အရ ကျွန်တော်ဟာ ဆွေးနွေးခြင်း ဖြစ်ပါတယ်။

ဒီလိုဆွေးနွေးတဲ့နေရာမှာ ကျွန်တော်တို့က ကျွန်တော်တို့ဟာ Dialogue Culture ဆိုတာရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ Dialogue Culture ရှိဖို့အတွက်ပဲ ကျွန်တော်ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ကော်မတီကိုသော်လည်းကောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း ကျွန်တော် ဆွေးနွေးခြင်းမဟုတ်ပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။ ဒုတိယ Power Point ပြပေးပါ။ အဲဒီတော့ ကော်မတီရဲ့ အစီရင်ခံစာအရ ကတိဖြစ်ပေါ်မှုနှင့် ကွင်းဆင်းစစ်ဆေးမှုကို ကျွန်တော် နှိုင်းယှဉ်လိုက်လို့ရှိရင် ကွင်းဆင်းစစ်ဆေးမှုဟာ ကျွန်တော်တို့ (၈)ကြိမ်လောက်ပဲ တွေ့ရပါတယ်။ အဓိကဒီမှာတော့ သက်ဆိုင်ရာကွင်းဆင်းစစ်ဆေးမှုမှာ သက်ဆိုင်ရာဝန်ကြီးဌာနကို မဖော်ပြထားတဲ့အတွက် ခေါင်းစဉ်နှင့်ပတ်သက်ပြီးတော့ ကျွန်တော်ကွင်းဆင်းစစ်ဆေးတဲ့နေရာမှာ စိုက်ပျိုးရေး၊

မွေးမြူရေးကို (၅)ကြိမ်၊ လျှပ်စစ်(၁)ကြိမ်၊ ပညာရေးကို (၁)ကြိမ် ကျန်တဲ့ (၁)ကြိမ်က ဘယ်ဝန်ကြီးဌာနက ဘက်ကနေပြီးတော့ စစ်ဆေးတယ်လဲဆိုတာ ကျွန်တော်မသိလို့ မထည့်ထားဘူး ဖြစ်ပါတယ်။

ဒုတိယ Power Point ကိုပြပါ။ ဒီ စတုတ္ထအကြိမ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အဆိုတစ်ခု တင်ခဲ့ပြီးတော့ အဆိုတစ်ခုဟာ အဆို ဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော် သိထားပါတယ်။ အဲဒီတော့ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ဘယ်လိုဆောင်ရွက်ထားသလဲဆိုတာကို ဒီအစီရင်ခံစာမှာ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ အနည်းအကျဉ်းသော်လည်းကောင်း ဖော်ပြထားတာမျိုးကို ကျွန်တော် မတွေ့ရှိရတဲ့အတွက် ဒီအချက်လေးကို နောင်တစ်ချိန်မှာ အစီရင်ခံစာတွေရေးတဲ့နေရာမှာ ထည့်သွင်း ဖော်ပြပြီးတော့ ဘယ်လိုအခြေအနေကို ရောက်နေလဲဆိုတာ ကျွန်တော် သိလိုပါတယ်။ ဒါလေးကိုလည်း ဖြည့်စွက်လိုပါတယ်။ အဲဒီတော့ ကော်မရှင်တွေနဲ့ ကွင်းဆင်းလေ့လာတဲ့အချိန်မှာ နှစ်ကြိမ် ကွင်းဆင်းခဲ့တယ်လို့ ကျွန်တော်တို့ သိရှိထားပါတယ်။ ဒုတိယက ဝန်ကြီးဌာနနဲ့တွေ့ဆုံတဲ့ အကြိမ်ကလည်း နှစ်ကြိမ်ဖြစ်ပါတယ်။ အဲဒီတော့ ဒီရက်စွဲတွေကို ကျွန်တော်ကြည့်လို့ရှိရင် ၂၁ ရက်မှာ ဝန်ကြီးဌာန (၇)ခု၊ ၂၂ ရက်မှာ ဝန်ကြီးဌာန(၈)ခု ဆိုပြီးတော့ (၁)ကြိမ်တည်းနဲ့ တွေ့ထားတာက ကျွန်တော်တို့ အချိန်အတိုင်းအတာအရ လုံလောက်ပါသလား ဆိုတဲ့အပေါ်မှာ ကျွန်တော်တို့ သံသယ ရှိပါတယ်။ ဒါကြောင့်မို့လို့သာ ဝန်ကြီးဌာနတွေနဲ့ ကတိဖြစ်ပေါ်မှုနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးမယ် ဆိုရင် (Time Frame) ချမှတ်ပြီး ဆောင်ရွက်သင့်တယ်လို့ ကျွန်တော်က အကြံပြု ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက ကတိမပြီးပြတ်သေးတဲ့ လုပ်ငန်းများနဲ့ပတ်သက်ပြီးတော့မှ ဖော်ပြထားတာကို ကျွန်တော် အလေးအနက် အသိအမှတ်ပြုပါတယ်။ ဒါ ချီးကျူးစရာကောင်းတဲ့အချက်လည်း ကျွန်တော်မြင်ပါတယ်။ ဒါပေမဲ့ ကတိမပြတ်သေးတဲ့လုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်ရမလဲဆိုတဲ့ အကြံပြုချက်မျိုးကိုလည်း ဒီနေရာမှာထည့်သွင်းထားဖို့ လိုပါတယ်။ အစိုးရက ကျွန်တော်တို့လွှတ်တော်မှာ မေးခွန်းတွေမေးတဲ့အခါမှာ ကတိပြုတဲ့အခါမှာ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်မှု၊ စံချိန်စံညွှန်းအတိုင်း အရည်အသွေး ပြည့်ဝမှု၊ အမှန်တကယ်ပြီးစီးမှုရှိ/မရှိ ကို ကွင်းဆင်းစစ်ဆေးသွားမယ်လို့ ဆိုပြီးတော့ ကတိကဝတ်တွေ ပေးပြီးတော့မှ ဒီအချက်ပေါ်မှာ ကော်မတီရဲ့ ကျွန်တော်တို့ ကတိဖြစ်မြောက်ခြင်း၊ မဖြစ်မြောက်ခြင်းနှင့် လုပ်ငန်းအောင်မြင်ခြင်း၊ မအောင်မြင်ခြင်းကို ဆောင်ရွက်သွားတာကို ကျွန်တော်တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကော်မတီရဲ့တွေ့ရှိချက်တွေထဲမှာ ရွှေဘိုကောလိပ် ပညာသင်နှစ်ပြီးစီးခြင်း၊ နောက် မအူပင် က အိမ်ရာ စီမံကိန်းက (၅၀) ရာခိုင်နှုန်း၊ နောက် အဆောက်အဦတွေအတွက် (၂၀) ရာခိုင်နှုန်း ပြီးစီးတဲ့အချက်တွေ၊ နောက် ကျိုက်လတ် ဓာတ်အားစက်ရုံမှာ ဘတ်ဂျက် မလုံလောက်လို့ မပါရှိခြင်း၊ မြေယာနဲ့ပတ်သက်လို့ လျော်ကြေးတွေ ဘယ်လိုရှင်းလင်းထားတယ် ဆိုတဲ့အချက်တွေ၊ နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ သဘာဝဘေးအန္တရာယ်အတွက် သုံးစွဲထားတဲ့ ဘီလီယံ ကျပ် (၂၀) နဲ့ပတ်သက်ပြီးတော့ စာရင်းရှင်းလင်းပြီးပြတ်မှု မရှိတယ် ဆိုတာနဲ့ ပတ်သက်ပြီးတော့မှ ဘယ်လိုအချက်အလက်တွေနဲ့ ဘယ်လို ပြန်လည်ပြီးတော့မှ တိကျတဲ့လုပ်ငန်းစဉ်တွေ ရက်စွဲတွေ ပါမလာတာဟာ ကတိကဝတ်ကို ချိုးဖောက်ရာ ရောက်/မရောက်ဆိုတာကိုလည်း သုံးသပ်ပေးဖို့

အစီရင်ခံစာမှာ ထည့်သွင်းပေးဖို့ လိုအပ်မယ်လို့ ထင်ပါတယ်။ နောက်ဆုံး ဒုတိယအချက်အနေနဲ့တော့ ကိုယ်စားလှယ်တော်ကြီးများရဲ့ မေးမြန်းတဲ့ မေးခွန်းတွေနဲ့ပတ်သက်ပြီးတော့ ဖြေကြားတဲ့အချိန်ဟာ ကွာဟမှု ရှိတယ်ဆိုတာ ကျွန်တော်အမြဲတမ်း သတိထားမိပါတယ်။ တချို့မေးခွန်းတွေဟာ (၆)လ၊ တချို့မေးခွန်း တွေက (၈)လ၊ တချို့မေးခွန်းတွေက (၃)လ ဆိုတဲ့အပေါ်မှာ ကျွန်တော်တို့တွေ့ရပါတယ်။ ဒီအချက် ကိုလည်း ပြန်လည်သုံးသပ်ပြီးတော့မှ အစီရင်ခံစာမှာ ထည့်သွင်းဖို့လိုတယ်လို့ ကျွန်တော် ထင်ပါတယ်။ နောက်တစ်ခုက မေးခွန်းနဲ့အဖြေတွေဟာ လုံးဝကွဲလွဲဆန့်ကျင်တဲ့ မရေရာတဲ့အခါမှာ ဘယ်လိုပုံစံမျိုးနဲ့ ဆောင်ရွက်မယ်ဆိုတဲ့ အချက်လေးကိုလည်း ဒီအစီရင်ခံစာမှာ ထည့်သွင်းထားဖို့လိုပါတယ်။

နောက်ဆုံးတစ်ချက်က ဒီကွင်းဆင်းလေ့လာတဲ့အခါမှာ မည်သည့်အချက်ကြောင့် ရွေးချယ်ရ သည်၊ မည်သည့်အကြောင်းအရာ၊ မည်သည့်နည်းလမ်း၊ မည်သည့်ပုံစံဖြင့် စစ်ဆေးပြီး အမှတ်ပေးတဲ့ နည်းလမ်းနဲ့ စစ်ဆေးတာမျိုးကို ဒီအစီရင်ခံစာမှာ ဖော်ပြထားရင် ပိုပြီးတော့ကောင်းပါတယ်။ ဥပမာ Check List ပဲဖြစ်ဖြစ်၊ ဒီစစ်ဆေးတာနဲ့ပက်သက်ပြီးတော့ Manual လေးနဲ့ ကျွန်တော်တို့စစ်ဆေး ပါတယ်ဆိုတာရှိရင် ကျွန်တော်တို့ စစ်ဆေးတဲ့စနစ်က တစ်သမတ်တည်းဖြစ်လာမယ်၊ စနစ်တကျခိုင်မာ လာမယ်ဆိုတာကိုလည်း ဒီနေရာမှာထည့်သွင်းပြီးတော့ အကြံပြုဆွေးနွေးရင်းနဲ့ ထည့်သွင်းဆွေးနွေးလို ပါတယ်။ နောက်ဆုံးအချက်အနေနဲ့တော့ ဒီအစီရင်ခံထားမှုနဲ့ပတ်သက်ပြီးတော့မှ ကတိကဝတ်ဖြစ်ပေါ်ခဲ့တဲ့ အကြောင်းအရာတွေကို နောက်ဆက်တွဲမှာ ခေါင်းစဉ်များတပ်ပြီး ဖော်ပြပေးစေလိုပါကြောင်း တင်ပြရင်း အဆုံးသတ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၂:၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၁။**

**ဦးသိမ်းဆွေ (ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိ များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၂၄-၇-

၂၀၁၇ ရက်နေ့မှာ ကော်မတီရဲ့ အဖွဲ့ဝင်များဖြစ်တဲ့ ဦးပြုံးလွင်နဲ့ ဦးစောချစ်ဦး တို့ကနေပြီး လွှတ်တော်သို့ ဖတ်ကြား တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ဒီအစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ဒီကနေ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးသန်းစိုး (ခ)သန်းစိုး (ဘောဂဗေဒ) တို့က အကြံပြုဆွေးနွေး တင်ပြခဲ့ကြပြီး ဖြစ်ပါတယ်။

ဒီဆွေးနွေးအကြံပြုချက်များကိုလည်း ကျွန်တော်တို့ မှတ်သားထားပြီးတော့ ကော်မတီ အစည်းအဝေးမှာ ပြန်လည်သုံးသပ်ကြမှာ ဖြစ်ပါတယ်။ ဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်တော်ကြီး (၂)ဦး ကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင် ပြောကြားလိုပါတယ်။ ဒီနေရာမှာ ဆွေးနွေးချက်တွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အတိုချုပ်လေးပါပဲ။ ကျွန်တော်တို့ ခုန ကိုယ်စားလှယ်တော်ကြီးတွေ ဆွေးနွေးတဲ့ ဆွေးနွေးချက်၊ အကြံပြုချက်တွေနဲ့ ပတ်သက်ပြီးတော့လည်း ကော်မတီရဲ့အစီရင်ခံစာ ထဲမှာလည်း အားနည်းချက်တွေကို ကျွန်တော်တို့ ဘယ်လိုထိန်းညှိကြမလဲ၊ ဘယ်လိုကိုင်တွယ်ကြမလဲ ဆိုတဲ့ သုံးသပ်ချက်ကိုလည်း ကျွန်တော်တို့ ထည့်ထားပါတယ်။ အဲဒါတော့ ကျွန်တော်တို့အစီရင်ခံစာရဲ့ စာမျက်နှာ (၈) မှာ ပါဝင်ပါတယ်။ ဝန်ကြီးဌာနများအနေဖြင့် ကတိဖြစ်ပေါ်ခဲ့သောလုပ်ငန်းများကို ဘဏ္ဍာငွေ လျာထားချက်တွင်ပါဝင်အောင် ထည့်သွင်းရေးဆွဲရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများကလည်း ဘတ်ဂျက်တွင် ပါ/မပါ ပြန်လည်စိစစ်ကြပ်မတ်စေလိုပါကြောင်း၊ အလားတူ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ကတိဖြစ်ပေါ်ခဲ့သည့် မိမိတို့၏ မေးခွန်းပါ လုပ်ငန်းများကို ဘဏ္ဍာငွေ ခွဲဝေလျာထားမှုတွင် ပါဝင်ခြင်းရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်သွယ်စုံစမ်းမေးမြန်းခြင်း၊ လွှတ်တော်တွင် ဘတ်ဂျက်စိစစ်ရာ၌ ကတိကဝတ်ဖြစ်ပေါ်ခဲ့သည့် လုပ်ငန်းစဉ်များ ပါဝင်ခြင်း ရှိ/မရှိ စိစစ်ရန်လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည် ဆိုတဲ့ တစ်ချက်ပါ။

နောက်တစ်ခုက ကျွန်တော်တို့ လွှတ်တော်မှာလာရောက်ပြီးတော့ ဖြေကြားတဲ့ မေးခွန်းတွေ နဲ့ပက်သက်ပြီးတော့ ခုနက ကျွန်တော်တို့ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ) ဆွေးနွေးခဲ့တာနဲ့ ပတ်သက်ပြီးတော့လည်း မှန်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ တတ်နိုင်သမျှ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ကျွန်တော်တို့ကော်မတီနဲ့ လာရောက်တွေ့ဆုံတဲ့အခါမှာ ဒါတွေကိုလဲ ကျွန်တော်တို့အနေနဲ့ အမြဲမပြတ် ကျွန်တော်တို့ပြောနေရပါတယ်။ ပြောလည်းပြောပါတယ်။ ကျွန်တော်တို့ ကော်မတီကနေပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မေးခွန်းတွေကို အလေးအနက်ထားဖို့၊ ဖြေကြားတဲ့အခါမှာ ရှင်းရှင်းလင်းလင်းဖြေကြားဖို့ ဆိုတာလည်း ကျွန်တော်တို့ပြောပါတယ်။

ဒီနေရာမှာလဲ အချက်တစ်ချက်ကို ကျွန်တော်တို့ ထည့်သွင်းထားပါတယ်။ လွှတ်တော်၌ မေးခွန်းများကို လာရောက်ဖြေကြားရာတွင် သက်ဆိုင်ရာဝန်ကြီးများ၏ ဖြေဆိုမှုသည် ပြည်သူလူထု၏ လိုလားချက် ဆန္ဒဖြစ်သော လုပ်ငန်းများကို အမှန်တကယ်လုပ်ပေးနိုင်မှသာ လုပ်ပေးနိုင်မည်ဟု ဖြေကြားသင့်ကြောင်း၊ ကတိဖြစ်ပြီးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ကို အရည်အသွေးကောင်းမွန်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့အား သတ်မှတ် ကာလအတွင်း စဉ်ဆက်မပြတ် စစ်ဆေးနေဖို့ လိုအပ်ပါကြောင်း၊ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးရာတွင်

သက်ဆိုင်ရာ မေးခွန်းအချို့နှင့် ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်များ မသိရှိကြ၍ တိတိပပ ရှင်းလင်းဖြေကြားနိုင်မှု မရှိခြင်းများလည်း ရှိသည့်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့၏ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှု အားနည်းနေသေးကြောင်း သုံးသပ်ရရှိပါသည် ဆိုပြီးတော့ ကျွန်တော်တို့ ဒီလိုသုံးသပ်ခဲ့ပါတယ်။

အဲဒီတော့ ခုန ကိုယ်စားလှယ်တော်ကြီးတွေ ဆွေးနွေးအကြံပြုတာကို ကျွန်တော်တို့ အလေးအနက်ထားပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဒီလိုမျိုးအားနည်းချက်တွေမရှိအောင် နောင် ကျွန်တော်တို့ ဒီသက်ဆိုင်ရာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ တွေ့တဲ့အခါမှာ ဒါတွေကိုလည်း ကျွန်တော်တို့ ဆွေးနွေးတင်ပြပါမယ်။ သုံးသပ်ချက်တွေကိုလည်း ပိုမိုပြီးကောင်းမွန်အောင် ကျွန်တော်တို့အနေနဲ့ ကြိုးစားဆောင်ရွက်ပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားတော်ကြီးများ ခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းပြီးတော့ ကော်မတီရဲ့အစီရင်ခံစာကို သဘောတူ လက်ခံပါရန်နှင့် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးသိမ်းဆွေ မှ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၅**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် -

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၂း၀၆**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၁၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ် လေးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၆**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော်က အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာအပေါ် ဖြည့်စွက်အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီကော်မတီရဲ့ အစီရင်ခံစာကို စာမျက်နှာ (၆)မျက်နှာနှင့် ပြုစုတင်ပြထားတာ တွေ့ရပါတယ်။

ကော်မတီရဲ့ ဆောင်ရွက်ချက်တွေ အနေနဲ့ကတော့ ဝန်ကြီးဌာနက MoU လက်မှတ်ရေးထိုး ထားတဲ့ INGO အဖွဲ့ (၅၃) ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးပွဲများ ပြုလုပ်ထားခြင်းပဲ ဖြစ်ပါတယ်။ စာမျက်နှာ(၄)မှာ လေ့လာတွေ့ရှိချက်များကို တင်ပြထားပါတယ်။ အဲဒီ လေ့လာတွေ့ရှိချက်များထဲက စာပိုဒ်(၅) ရဲ့ အပိုဒ်ခွဲငယ်(ဂ) နဲ့ ပတ်သက်လို့ ကျွန်တော်တင်ပြဆွေးနွေးလိုပါတယ်။ ဒီအပိုဒ်အရ ဆိုလို့ရှိရင် NGO အဖွဲ့အစည်းများဟာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့မှာ အများဆုံး လုပ်ကိုင်နေကြတယ်လို့ သိရပါတယ်။ INGO အဖွဲ့အစည်းများ Overlap တစ်ခုနဲ့တစ်ခု ထပ်နေတယ်လို့တောင် ဆိုထားပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုချင်းစီမှာ INGO တွေ ဘယ်နှစ်ဖွဲ့ရှိတယ်၊ ဘယ်ပြည်နယ်တွေမှာ ဘာတွေ လုပ်ဆောင်ပေးတယ်၊ ဘယ်သူတွေအတွက် လုပ်ဆောင်ပေးတယ်၊ မြို့ပြ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းလား၊ ဒါမှမဟုတ် စစ်ဘေးရှောင် ဒုက္ခသည်များအတွက်လား စသည်ဖြင့် ခွဲခြားသတ်မှတ်ပြီး ဖော်ပြထားတာ မတွေ့ရပါဘူး။ ဒါတွေကို ခွဲခြားသိရှိအောင် ဖော်ပြပေးသင့်တယ်လို့ အကြံပြု လိုပါတယ်။

အပိုဒ်ခွဲငယ်(စ) အရ ဆိုရင်တော့ ကျန်းမာရေးလုပ်ဆောင်ချက် တစ်ခုတည်းသာ ဖော်ပြထားတာ တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် ကချင်၊ ကရင်၊ ရှမ်း ပြည်နယ်တွေမှာတော့ ဘယ်သူတွေအတွက် ဘာပဲလုပ်ဆောင်ပေးနေနေ ဒီဒေသခံ ဌာနေတိုင်းရင်းသားတွေအတွက်ပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ ကူညီထောက်ပံ့မှုနဲ့ လုပ်ဆောင်မှုတွေကို ဒေသခံ ကချင်၊ ကရင်၊ ရှမ်း တိုင်းရင်းသားတွေပဲ ခံစားရရှိကြမှာ ဖြစ်ပါတယ်။ တစ်ခြား ဟိုကဒီက ခိုးဝင်လာတဲ့သူတွေ မပါ ပါဘူး။ ဒါကြောင့် ဒီပြည်နယ်တွေမှာရှိတဲ့ INGO တွေဟာ ဒီဒေသအတွက်ပါပဲ။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ကျတော့ အဲဒီလိုမဟုတ်ပါဘူး။ ဒီရခိုင်ပြည်နယ်မှာ INGO တွေဟာ ဘယ်သူတွေအတွက် လုပ်ဆောင်ပေးနေတာလဲ၊ ရခိုင်

တိုင်းရင်းသားတွေအတွက်လား၊ ဘင်္ဂါလီတွေ အတွက်လားဆိုတဲ့ မေးခွန်းဟာ မေးစရာဖြစ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ INGO တွေအားလုံးဟာ ဘင်္ဂါလီကျေးရွာတွေနဲ့ ဘင်္ဂါလီမိသားစုတွေကို စီးပွားရေးအခြေခံ ခိုင်ခံ့ကောင်းမွန်လာအောင်၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာအောင် အဆက်မပြတ် ကူညီထောက်ပံ့ ဖြည့်ဆည်းပေးလာတာဟာ နှစ်ပေါင်း(၂၀)ကျော်သွားပြီ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ UNHCR အပါအဝင် INGO အဖွဲ့အစည်းများဟာ မောင်တောခရိုင်အတွင်းကို ၁၉၉၄ ခုနှစ်၊ ဧပြီလမှ စတင်ပြီး ဝင်ရောက်ခဲ့ပါတယ်။ နှစ်ပေါင်း (၂၀)ကျော် ကြာမြင့်လာပြီ ဖြစ်ပါတယ်။ ရခိုင်တွေအတွက် ဘာတွေလုပ်ပေးခဲ့ပြီလဲ။ ကျွန်တော်တို့ စစ်ဆေးဖို့ လိုလာပြီလို့ ကော်မတီကို အကြံပြုလိုပါတယ်။ ရခိုင်တွေ နားလည်တာကတော့ ဒီ မောင်တောခရိုင်ဒေသမှာ UN နဲ့ INGO အဖွဲ့အစည်းတွေရဲ့ လုပ်ဆောင်ချက်တွေဟာ ရခိုင်တွေအတွက် ဟန်ပြအဆင့်လို့ပဲ သတ်မှတ်ထားကြပါတယ်။ သို့သော် ဘင်္ဂါလီတွေအတွက်တော့ တကယ် အဓိကလုပ်ဆောင်ပေးနေတာကို အထင်အရှား တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါကို ကော်မတီက သိထားဖို့လိုအပ်တယ်လို့ ပြောလိုပါတယ်။ နောက်ပြီး UN နဲ့ INGO အဖွဲ့အစည်းများမှာ တာဝန်ထမ်းဆောင်နေတဲ့ ဘင်္ဂါလီဝန်ထမ်းတွေဟာ ဒေသတွင်းမှာရှိတဲ့ ဘင်္ဂါလီတွေနဲ့ ပူးပေါင်းပြီး ဒေသတွင်း ခွဲခြားဆက်ဆံမှုခံရတဲ့ အသွင်ကိုဖန်တီးပြီး အကြမ်းဖက်လှုပ်ရှားမှုအဆင့်သို့ တက်လှမ်းလာခဲ့ပါတယ်။ အကြမ်းဖက်ရာမှာ ပါဝင်ခဲ့တဲ့ ဘင်္ဂါလီဝန်ထမ်းများ ပြစ်ဒဏ်ချမှတ်ခံရတာ တွေ့ရပါတယ်။ တချို့ဆိုလို့ရှိရင် အခုတောင် ပြစ်ဒဏ်ကျခံနေရဆဲ ဖြစ်ပါတယ်။

၂၂-၁-၂၀၁၄ ခုနှစ်၊ ၂၄-၁-၂၀၁၄ ရက် နေ့စွဲတွေအနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် အဲ့ဒီနေ့တွေအနေနဲ့ UN အကြီးအကဲ AZG/MSF အကြီးအကဲဆိုသူတွေက သတင်းမှားများ ထုတ်ပြန်ခဲ့ပါတယ်။ UN နဲ့ INGO အဖွဲ့အစည်းများဟာလည်း ကုလသမဂ္ဂပဋိညာဉ်မှာပါတဲ့ MoU များကို ဖောက်ဖျက်ကာ အကြမ်းဖက်သမားတို့ဘက်မှ ရပ်တည်ပြီး အကာအကွယ်ပေးတဲ့ ကြေညာချက်ကို ထုတ်ပြန်ကာ ကန့်ကွက်ခဲ့တာကို တွေ့ရပါမယ်။ ဒါကြောင့် ဒေသခံဌာနေတိုင်းရင်းသားများက UN နဲ့ INGOတွေကို ကြေညာချက် ထုတ်ပြန်ပြီး နှင်ထုတ်ခဲ့ကြပါတယ်။ အလားတူပါပဲ။ ၂၀၁၂ ခုနှစ်ကုန်ပိုင်းလောက်မှာ စစ်တွေမြို့မှာ INGO တွေ အဖွဲ့အစည်းတွေရဲ့ လုပ်ရပ်တွေကို မကျေနပ်ကြတာတွေကြောင့် သူတို့ဖွင့်လှစ်ထားတဲ့ ရုံးခန်းများအားလုံးကို မြို့သူမြို့သားများ ဝင်ရောက်ပြီး ရုံးပိုင်ဆိုင်တဲ့ စာရွက်စာတမ်းများ၊ စာရင်းဇယားများ၊ ရုံးသုံးပရိဘောဂပစ္စည်းများ အားလုံးကို ဖျက်ဆီးလိုက်ကြပါတယ်။ ဒါကိုလဲ ကော်မတီက သိထားဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ ရခိုင်ဒေသမှာ ရှိနေတဲ့ UN နဲ့ INGO အဖွဲ့အစည်းတွေဟာ ဝန်ကြီးဌာနက တိုက်ရိုက်ခွင့်ပြုထားတဲ့ အတွက်ကြောင့် ပြည်နယ်အစိုးရနဲ့ မြို့နယ်အဆင့်တွေကို ဂရုစိုက်စရာမလိုကြောင်း တွေ့နေရပါတယ်။ ဒါနဲ့ပတ်သက်လို့ အစီရင်ခံစာရဲ့ အကြံပြုချက် အပိုဒ်ခွဲ(ဂ) မှာ လွှတ်တော်ကိုယ်စားလှယ်များ --------

**အချိန်၊ ၁၂း၁၂**

**ဥက္ကဋ္ဌ**။ ။ အဆုံးသတ်လိုက်ပါ။ အဆုံးသတ် အဆုံးသတ်လိုက်ပါတော့ဗျာ။ အချိန်ကုန်ပြီ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၃**

**ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်က ဒီအဆိုကို ဆွေးနွေးတဲ့နေရာမှာ ယခင်က တင်ပြသလိုပါပဲ။ Dialogue Culture ခိုင်မာလာဖို့နဲ့ လွှတ်တော် Institution ခိုင်မာလာဖို့အတွက်ပဲ ကျွန်တော်ရည်စူးပါတယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ကော်မတီများဟာ လွှတ်တော်အသေးစားများ ဖြစ်ပါတယ်။ ဒီဥပဒေကို ဆွေးနွေးရတဲ့နေရာမှာ အမျိုးသားလွှတ်တော်ဥပဒေပုဒ်မ ၉(က)(ခ)နဲ့ နည်းဥပဒေပုဒ်မ ၁၀၀ တို့အရ ဒီအနီစက်နဲ့ဖော်ပြထားတဲ့အတိုင်း ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကို ပေးနိုင်တယ်ဆိုတဲ့ဟာကို ဖော်ပြထားလို့ ကျွန်တော်ဆွေးနွေး ရခြင်း ဖြစ်ပါတယ်။ အစီရင်ခံစာကို ဆွေးနွေးတာနဲ့ပတ်သက်ပြီးတော့ အကြံဉာဏ်များကိုလည်း တစ်ပါတည်း တင်ပြသွားပါမယ်။

Power Point 2 ကိုပြပါ။ အဲဒီတော့ ပြီးခဲ့တဲ့နှစ်က အစီရင်ခံစာနှင့် ဒီအစီရင်ခံစာတွေကို ကျွန်တော်တို့ ကြည့်တဲ့အချိန်မှာ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကို ဒီ အရေးကြီးတဲ့အချက်တွေကို ဒီမှာ ကျွန်တော် ကောက်နုတ်တင်ပြ ထားပါတယ်။ အချက်(၄)ချက်ပါ။ အဓိကအရေးကြီးဆုံး အချက်ကတော့ ပြည်တွင်းပြည်ပတို့မှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အမျိုးအစားနှင့် လုပ်ငန်းများအလိုက် ခွဲခြားစာရင်းပြုစုပြီး ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ငန်းဆောင်ရွက်ပုံနဲ့ အောင်မြင်မှုရှိ/မရှိ လေ့လာသုံးသပ်ပြီး မှတ်တမ်းများ စနစ်တကျပြုစုရန်ဆိုတဲ့အချက်ကို ကျွန်တော်ပိုပြီးတော့ ဦးစားပေးဆွေးနွေး အကြံပြု သွားမှာ ဖြစ်ပါတယ်။

ဒီအချက်ကို ကျွန်တော်တို့ လေ့လာသုံးသပ်လို့ရှိရင် ဒုတိယ Power Point ကို ပြပါ။ ပြီးခဲ့တဲ့အကြိမ်တုန်းက အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့မှ NGO အဖွဲ့အစည်းတွေကို (၄၃)ကြိမ် တွေ့ဆုံမှုရှိခဲ့တယ်လို့ ဖော်ပြထားတာ ကျွန်တော်တွေ့ရပါတယ်။ ဒီနှစ်မှာ (၅၃)ကြိမ် တွေ့ဆုံခဲ့တယ် ဆိုတာ တွေ့ရပါတယ်။ များသောအားဖြင့် ဒီတွေ့ဆုံတာနဲ့ပတ်သက်ပြီးတော့ ဒီ အစီရင်ခံစာမှာ ကျွန်တော်တို့ Report Analysis လို့ ခေါ်ပါတယ်။ ကျွန်တော်တို့ Report တွေကို ဖတ်တဲ့နေရာမှာ ဘယ်လို Point ကနေ ရေးထားသလဲဆိုတာ အမြဲတမ်း ဒါကတော့ Technical Point အရ ဖြစ်တဲ့အတွက် ကျွန်တော် တိကျတဲ့ သီးခြားခွဲပြရလို့ချင်ရင် ဒီ Report ဟာ Performance Report လား၊ Discriptic Report လား၊ Quatitance Report လားဆိုတာ ကျွန်တော်တို့က အမြဲတမ်း ကျွန်တော်တို့ သတိထားပြီးတော့ ကြည့်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အနေနဲ့ ဒီ

အကြိမ်အရေအတွက်တွေဟာ ကျွန်တော်တို့အတွက် အရေးကြီးသလား၊ ဒီ အကြိမ်အရေအတွက်တွေကနေ ဘာတွေတွေ့ရှိတယ်၊ ဘာတွေ ရလဒ်တွေ တွေ့လာတယ်၊ ဘယ်လိုရှေ့ဆက်ရမယ့် အစီအစဉ်တွေ ရှိတယ် ဆိုတာကမှ ပိုပြီးတော့ ခိုင်မာမှာ ဖြစ်ပါတယ်။ ခုနက ပြောသလိုပါပဲ။ ဒီ တွေ့ရှိတဲ့ NGO တွေအနေနဲ့လည်း Classify လုပ်သင့်ပါတယ်။ ဒီ ကျန်းမာရေးက ဘယ်သူ၊ လူမှုရေးက၊ ပညာရေးက ဘယ်သူ ဆိုတာမျိုးကို ခွဲခြားပြီးတော့ ဖော်ပြလိုက်လို့ရှိရင် ဒီ ကျွန်တော်တို့က နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကို ဘာတွေလုပ်နေလဲဆိုတာ၊ ဘယ်ဟာတွေလဲဆိုတာ တစ်ခါတည်း သိနိုင်မှာဖြစ်ပါတယ်။

တတိယ Power Point ပြပါ။ ကော်မတီရဲ့ တွေ့ရှိချက်ထဲမှာ အချက်(၃)ချက်ပဲ ကျွန်တော်တို့ ကျန်းမာရေးကဏ္ဍ၊ ဒုတိယက Overlap ဖြစ်နေတဲ့ကဏ္ဍ၊ သွားရောက်ရန်လွယ်ကူသည့် နေရာများသာ ဆောင်ရွက်သည်ဆိုတဲ့အချက်ကို ကော်မတီရဲ့ တွေ့ရှိချက်အနေနဲ့ ကျွန်တော်တို့ တွေ့ရပါတယ်။ ဒီ (၃)ချက်ကို အဓိကတွေ့ရပါတယ်။ နောက်တစ်ခုက ဝန်ကြီးဌာနတွေနဲ့ တွေ့ဆုံတဲ့ နေရာမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ (၃)ကြိမ်ပဲ တွေ့ဆုံခဲ့တယ်ဆိုတာကို လည်း ဒီကော်မတီရဲ့ အစီရင်ခံစာမှာ တွေ့ရပါတယ်။ ကျွန်တော်တို့ အစီရင်ခံစာကို ပြန်ကြည့်လို့ရှိရင် မနှစ်က အစီရင်ခံစာနဲ့ ဒီနှစ်က အစီရင်ခံစာကို နှိုင်းယှဉ်ပြီးတော့ ကြည့်ရလို့ရှိရင် ကျွန်တော်တို့က ဘာနဲ့သွားပြီးတော့ သုံးသပ်ရလဲဆိုတော့ Result Page ရလဒ် ဘယ်လောက်ထွက်လာသလဲဆိုတာကို ကျွန်တော်တို့က ပြန်ပြီးတော့ အစီရင်ခံစာကို ပြန်သုံးသပ်ရပါတယ်။

အဲဒီတော့ ပြီးခဲ့တဲ့ကာလတုန်းက ရပ်/ကျေးဥပဒေ ပြင်ဆင်ချက်ဆိုပြီးတော့ အစီရင်ခံစာမှာ ပါခဲ့ပါတယ်။ ဒီဥပဒေက ဒီပြည်ထောင်စုမှာ အတည်ပြုပြီးသားဖြစ်တဲ့အတွက် ဒီဥပဒေလေး အောင်မြင်သွားတာကို ကျွန်တော်တို့က ဒီကော်မတီကို သီးခြားဂုဏ်ပြုမှတ်တမ်းတင်ရမှာဖြစ်ပါတယ်။ ဒုတိယ ဥပဒေတစ်ခု ဖြစ်တဲ့ ပြည်ပအလုပ်သမားဥပဒေ ဆိုတဲ့ဟာ ဘယ်လိုအခြေအနေ၊ ဘယ်ရလဒ်တွေ ရနေလဲဆိုတာ ဒီအစီရင်ခံစာမှာ ပူးတွဲဖော်ပြထားတာ မတွေ့ရပါဘူး။ ဒါလေးကိုလည်း ကျွန်တော်တို့က ထပ်မံပြီးတော့ ဖြည့်စွက်ဆွေးနွေးအကြံပြုတာပါ။

နောက်ဆုံး Power Point အနေနဲ့ကတော့ ကျွန်တော်တို့က နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပတ်သက်ပြီးတော့မှ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများရဲ့ လုပ်သားအင်အား အရေအတွက် ကျွန်တော်တို့ ဖော်ပြဖို့လိုအပ်မယ်လို့ ကျွန်တော်တို့ အကြံဉာဏ်ပြုလိုပါတယ်။ နောက်တစ်ခုက ဝင်ငွေခွန်နဲ့ အခြားအခွန်များ ပေးဆောင်ခြင်းရှိ/မရှိ။ ဒီဟာက ကျွန်တော် ပထမဦးဆုံး ပြခဲ့တဲ့တာဝန်နဲ့ လုပ်ငန်းများရဲ့ (၄) မှာဖြစ်တဲ့အချက်နဲ့ နှိုင်းယှဉ် ပြီးတော့ ပြန်ပြီးတော့ Comparison လုပ်ပြီးတော့ ဒီအချက်တွေကို အကြံပြုဆွေးနွေးရခြင်း ဖြစ်ပါတယ်။

နောက်ပြီးတော့ တစ်နှစ်လျှင် အဖွဲ့အစည်းလိုက်သော်လည်းကောင်း၊ အားလုံးပေါင်းသော်လည်းကောင်း ဘတ်ဂျက် မည်မျှသုံးစွဲသနည်း ဆိုတဲ့ အချက်လေးတွေ ဖော်ပြနိုင်မယ်ဆိုရင် ပိုပြီးတော့ ကျွန်တော်တို့က NGO တွေကို ပိုပြီးတော့ Result Page နဲ့ ကျွန်တော်တို့က တိုင်းတာနိုင်မှာဖြစ်ပါတယ်။ နောက်ဆုံး နံပါတ်(၄)တစ်ချက်က မြေပြင်ကွင်းဆင်း လေ့လာမှုအခြေအနေနဲ့ ပတ်သက်ပြီးတော့

မှလည်း ကျွန်တော်တို့ တိတိကျကျ ဘယ်လိုပုံကွင်းဆင်းမယ်။ ဘယ်လိုလေ့လာမယ်ဆိုတာမျိုးကို ဖော်ပြသင့်ပါတယ်။ ကျွန်တော် ဒီမှာ အစီရင်ခံစာအရ တွေ့ရတာကတော့ ကျွန်တော်တို့ရုံးမှာ တွေ့ဆုံတဲ့ အခြေအနေမျိုးတွေကို ကျွန်တော်တွေ့ထိထားလို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြေပြင်ကွင်းဆင်းတဲ့ အခြေအနေတွေကိုလည်း ဒီအစီရင်ခံစာမှာ ထည့်သွင်းဖော်ပြပေးဖို့ ကျွန်တော်က အကြံပြု ဆွေးနွေးရပါတယ်။ နောက်ဆုံးတစ်ချက်အနေနဲ့ စီမံကိန်းများနဲ့ အကျိုးသက်ရောက်မှုကို တွက်ချက်ပြီး အကြံဉာဏ်ပေးနိုင်တဲ့ အဆင့်မျိုးဆိုရင် ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်းမြောက်မြားစွာ နိုင်ငံတကာ အဖွဲ့အစည်းတွေက လုပ်ကိုင်လာတာလည်း များလာပါပြီ။ လက်ရှိလည်း နိုင်ငံတကာချေးငွေတွေ၊ ပံ့ပိုးငွေတွေနဲ့လည်း လုပ်နေတာတွေ များလာပါပြီ။ ကျွန်တော်တို့နေရာမှာ အဲဒီအဖွဲ့အစည်းတွေဟာ Result Page အရ ကြည့်မယ်ဆိုရင် ဘယ်ကဏ္ဍတွေ၊ ဘယ်အချက်တွေက အောင်မြင်သလဲဆိုတာ ကျွန်တော်တို့မှာ အခုအချိန်ထိပြောဖို့ တိတိကျကျပြောဖို့ ခန့်မှန်းရခက်ပါတယ်။ ဒါကြောင့် ဒီလို အချက်အလက်တွေကို သက်ဆိုင်ရာပညာရှင်တွေနဲ့ ညှိနှိုင်းပြီးတော့ တွက်ချက်ပြီးတော့ အစီရင်ခံစာမှာ ထည့်သွင်းပေးပါလို့ ကျွန်တော် အကြံပြုရင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၉**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၉**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ ဇူလိုင်လ ၂၄ ရက်နေ့မှာ ဖတ်ကြားတင်သွင်းသွားတဲ့ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများ အပေါ်ကို ဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကော်မတီရဲ့လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး ပြုလုပ်ခြင်း (၄)ကြိမ်၊ ဝန်ကြီးဌာနများနှင့် အစည်းအဝေးပြုလုပ်ခြင်း (၃)ကြိမ်၊ NGO, INGO များနှင့် အစည်းအဝေးပြုလုပ်ခြင်း (၃)ကြိမ် ပြုလုပ်ခဲ့တယ်ဆိုတာကို ဖော်ပြထားပါတယ်။ အဲဒီမှာ ၂၀ရက်နေ့ ကနေပြီးတော့ ၂၂ရက်နေ့အထိ ဇွန်လအတွင်း (၃)ရက်အတွင်း ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနနဲ့ MoU ရေးထိုးထားသောအဖွဲ့ INGO (၅၃)ဖွဲ့နဲ့ ကော်မတီမှ ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့တယ်ဆိုတာကို တွေ့ရပါတယ်။ အဲဒီလို တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ လုပ်ခြင်းက အင်မတန်မှ ကောင်းပါတယ်။ ဆက်လက်ပြီးတော့လည်း အခြားဝန်ကြီးများ၊ ဝန်ကြီးဌာန

များနှင့် MoU ရေးထိုးထားသောအဖွဲ့ INGO, NGO များ အရပ်ဖက်လူ့အဖွဲ့အစည်းများနဲ့တွေ့ဆုံသင့်ပါတယ် ဆိုတာကို ဒီနေရာမှာ တိုက်တွန်းလိုပါတယ်။

အထူးသဖြင့် အရပ်ဖက်လူ့အဖွဲ့အစည်းများဟာဆိုလို့ရှိရင် ဒီမိုကရေစီနိုင်ငံများအတွက် Oxygen လို့တင်စားလေ့ရှိပါတယ်။ မြန်မာနိုင်ငံဟာလည်း ဒီမိုကရေစီလမ်းကြောင်းမှာ လျှောက်လှမ်းနေတဲ့နိုင်ငံ ဖြစ်တဲ့အတွက်ကြောင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ တောင့်တင်းခိုင်မာဖို့ အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီဟာကို ကျွန်မတို့ရဲ့ နိုင်ငံတော်အစိုးရအနေနဲ့ ကူညီအားပေးဖို့အတွက် ကော်မတီကနေပြီးတော့ တိုက်တွန်းပေးသွားရမှာ ဖြစ်ပါတယ်။ ကော်မတီရဲ့ သုံးသပ်အကြံပြုချက်များ အလွန်ကောင်းပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား အကြံပြုသုံးသပ်မှု (၁)ချက်၊ INGO, NGO များအား အကြံပြုသုံးသပ်ချက် (၃)ချက် တွေ့ရပါတယ်။ ထိုအကြံပြုချက်များ ပြုပြင်ရန် လိုအပ်သောအချက်များကို သက်ဆိုင်ရာဌာနများနဲ့ တွေ့ခဲ့တဲ့ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအား ပေးပို့သင့်တယ်လို့ ကျွန်မ အကြံပြုချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်များဟာ ကောင်းမွန်တဲ့ အနေအထားမှာ ရှိပါတယ်။ ဒီ့အပြင်ကို ထိန်းညှိခြင်း (Check & Balance) သက်ဆိုင်ရာလက်ရှိဥပဒေများကို လေ့လာသုံးသပ်ခြင်း၊ နောက်ပြီးတော့ ဘာသာရပ်ဆိုင်ရာ ကြားနာခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်လက်ပြုလုပ်သွားနိုင်ပါက ပိုမိုပြည့်စုံတဲ့ လုပ်ငန်းရပ်များ ဖြစ်မည်ကို အပြု သဘောဆွေးနွေးလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၂**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၂**

**ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ နိုင်ငံတော်တွင် မှတ်ပုံတင်ထားသော အစိုးရမဟုတ်သည့် ပြည်တွင်းအသင်းအဖွဲ့ NGO အဖွဲ့ (၆၅၀)ဖွဲ့၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့ INGO အဖွဲ့ (၁၅၀)ဖွဲ့ရှိကြောင်း သိရှိရပါတယ်။ ကော်မတီသည် ပဉ္စမပုံမှန် အစည်းအဝေးကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် MoU ရေးထိုးထားသောအဖွဲ့ INGO (၅၃)ဖွဲ့နဲ့ (၃)ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း အစီရင်ခံစာအရ သိရှိရပါတယ်။ ထို INGO

အဖွဲ့များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ရာတွင် ဝေးလံခေါင်ပါး၍ သွားလာရန်ခက်ခဲသော နေရာများသို့ သွားရောက်ခြင်းထက် လမ်းပန်းဆက်သွယ်မှု လွယ်ကူသော နယ်ပယ်များတွင်သာ ၎င်းတို့၏စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည်ဟု သုံးသပ်တင်ပြထားပါတယ်။ ဆင်းရဲနွမ်းပါးသော ချင်းတောင်တန်းဒေသ၊ နာဂတောင်တန်း ဒေသ၊ ကယားပြည်နယ်၊ တည်ငြိမ်မှု အားနည်းသည့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ကို သွားရောက်မှု အားနည်းသည်ကို တွေ့ရှိရပါတယ်။ INGO များ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပေါ် သုံးသပ်ရာတွင် ကူးစက်ရောဂါများ ဖြစ်ကြသည့် HIV, AIDS, တီဘီ, ငှက်ဖျားရောဂါများ ကာကွယ်ရေး၊ ကုသရေးနှင့် အသိပညာပေးရေးလုပ်ငန်းများတွင်သာ အများဆုံးဖြစ်သည်ကိုတွေ့ရှိရပြီး မကူးစက်နိုင်သော ရောဂါများဖြစ်သည့် ကင်ဆာရောဂါ၊ နှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါ၊ မူးယစ်ဆေးဝါး ပြဿနာများ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများတွင် INGO များမရှိသလောက် နည်းပါးသည်ကို အစီရင်ခံစာမှာ သုံးသပ်ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား HIV, AIDS, INGO လုပ်ငန်းများ နှင့်ပတ်သက်၍ ဦးစွာတင်ပြဆွေးနွေးလိုပါတယ်။ မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ၁၉၉၈ ခုနှစ်မှစတင်၍ အမျိုးသားရေးအနေနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ အမျိုးသားခုခံအားကျ ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်အနေဖြင့် ART ဆေးကုသမှုလုပ်ငန်းများကို ၂၀၀၅ ခုနှစ်မှစ၍ အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ART ဆေးကုသရေးစင်တာ (၉၉)ခုနှင့် မြို့နယ်အထိ ART ဆင့်ပွား ဆေးပေး ဌာန (၁၄၀)ခု အထိ တိုးမြှင့်ဆောင်ရွက်လာနိုင်ပြီ ဖြစ်ပါတယ်။

HIV ဖြင့် အသက်ရှည်နေထိုင်သူ (၂၂၀၀၀၀)ကျော် ရှိတဲ့အနက် လူနာရှင် (၁၁၀၀၀၀) ကျော်ကို ART ဆေး ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် HIV ပိုးအသစ် ကူးစက်ခံရမှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် (၃၅၀၀၀)ခန့်ရှိခဲ့ရာမှာ ယခုအခါ လူနာရှင် (၁၁၀၀၀) အထိ နှစ်အလိုက် နှစ်အလိုက် လျော့ကျလာခဲ့ပြီ ဖြစ်ပါတယ်။ ထို့အတူ အဆုတ်၊ တီဘီ ရောဂါမှာလည်း ၂၀၁၆ ခုနှစ် စာရင်းဇယားများအရ (၁၃၉၆၂၅)ဦးရှိပြီး ဆေးကုသမှုအောင်မြင်မှုနှုန်းမှာ ကမ္ဘာ့ကျန်းမာရေး စံသတ်မှတ်ချက် (၈၅)ရာခိုင်နှုန်း ကျော်လွန်ကုသနိုင်ခဲ့ပြီဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဆေးယဉ်ပါး တီဘီ လူနာလူဦးရေ (၂၅၀၇)ဦးရှိပြီး တီဘီ နှင့်ပတ်သက်သော NGO, INGO (၂၅)ဖွဲ့နှင့် အမျိုးသား တီဘီ တိုက်ဖျက်ရေးဌာနတို့ တာဝန်ယူလက်တွဲ၍ ကုသပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ယခုလက်ရှိတွင် စိုးရိမ်ဖွယ်ရာ ကိန်းဂဏန်းများမြင့်တက်လာသော ကင်ဆာရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် ဆက်နွယ်သော INGO များ မရှိသလောက်နည်းပါးသည်ကို အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ယခုအခါ မြန်မာနိုင်ငံတွင် လူတို့၏အစားအသောက်၊ နေထိုင်မှုပုံစံများ ပြောင်းလဲလာမှု၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး ကဲ့သို့သော ဆေးရွက်ကြီးထွက်ပစ္စည်းများကို လွန်ကဲစွာအသုံးပြုမှုတို့ကြောင့် အာရှတွင် ကင်ဆာအဖြစ်ပွားဆုံး နိုင်ငံ အဖြစ် ဖြစ်လာခဲ့ရပါတယ်။

ယခင်က မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကုဆေးပညာဌာနအနေဖြင့် Main Centre (၅)ခု ရှိပါတယ်။ သို့သော် ယခုအခါ လူနာဦးရေ အဆမတန်များပြားလာမှုကြောင့် ၂၀၁၂ ခုနှစ်တွင် ကင်ဆာဦးရေ တိုးချဲ့ဌာနများကို ပြည်နယ်နှင့်တိုင်းမြို့ကြီး (၁၃)မြို့တွင် တိုးချဲ့ဖွင့်လှစ်ခဲ့ရပါတယ်။ ဓာတ်ကင်ခြင်းကို Main Centre ပြုလုပ်နိုင်ပြီး ကင်ဆာဦးရေ များပြားသည့်အတွက် တချို့မှာ ဓာတ်ကင်ရန် နှစ်ရှည်စောင့်ဆိုင်းနေရကြောင်း တွေ့ရှိရပါတယ်။ ဆေးကုရာ၌လည်း အခြေခံကျသော ကင်ဆာဆေးအချို့ကိုသာ ထောက်ပံ့နိုင်ပြီး တန်ဖိုးကြီးမားသော ကင်ဆာဆေးများကို ဝယ်ယူသုံးစွဲရကြောင်း သိရှိရပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ကင်ဆာရောဂါနှင့်ပတ်သက်၍ INGO များမရှိသလောက် နည်းပါးနေပါတယ်။ မြန်မာနိုင်ငံတွင် ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်း ကဲ့သို့သော စေတနာရှင်တစ်စု၏ ကူညီပံ့ပိုးမှု အချို့သာ တွေ့မြင်ရပါတယ်။ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် INGO ဆိုင်ရာ အချို့သောမူဝါဒများကို ပြောင်းလဲပြင်ဆင်ရန် လိုအပ်လာပြီဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေဖြင့် INGO နှင့် MoU ရေးထိုးရန် ညှိနှိုင်းဆောင်ရွက်နေချိန်များတွင် ၎င်းတို့၏ အဆိုပြု စီမံကိန်းနေရာများကို အသေးစိတ်လေ့လာ၍ ထိုနေရာဒေသနှင့် ကိုက်ညီမှုရှိ/မရှိ၊ အမှန်တကယ် လိုအပ်ခြင်းရှိ/မရှိ၊ စစ်ဆေးသင့်ပါတယ်။ တစ်နေရာတည်းတွင်လည်း အဖွဲ့အစည်းများ Overlap ဖြစ်နေမှု၊ တစ်ခုနှင့်တစ်ခု ထပ်နေမှုများကို ထိန်းညှိပေးခြင်းများကို ဆောင်ရွက်သင့်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့်လည်း ကျန်းမာရေးအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဒေသခံအရပ်ဖက် အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ (ကြိဘာသံများ)

## အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၂း၂၇**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၁၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အစိုးရ မဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၈**

**ဦးမင်းဦး (ဥက္ကဋ္ဌ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ)**။ ။ လေးစားရပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ လွှတ်တော်မှာ အမျိုးသားလွှတ်တော်ရဲ့ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်း

များဆိုင်ရာ ကော်မတီရဲ့ ပဉ္စမပုံမှန်အစည်းအဝေးရဲ့ လုပ်ငန်းအစီရင်ခံစာရဲ့အပေါ်မှာ အကြံပြုဝေဖန် ထောက်ပြပြီးတော့ အပြုသဘောဆောင်ပြီး ဆွေးနွေးပေးကြတဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် တို့ကို အထူးကျေးဇူးတင်ကြောင်း ကော်မတီရဲ့ကိုယ်စား ကျွန်တော်က မှတ်တမ်းတင် ပြောကြားလိုပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ ကော်မတီရဲ့ အစီရင်ခံစာဟာ ပဉ္စမအကြိမ်အတွင်းမှာ ဆောင်ရွက် ခဲ့တဲ့ လုပ်ငန်းအစီရင်ခံစာ တစ်ခုသာဖြစ်တဲ့အတွက် NGO များနဲ့သက်ဆိုင်တဲ့ NGO အဖွဲ့အစည်း များအားလုံးနဲ့ သက်ဆိုင်ပြီးတော့ အကြံပြုသဘောထား မှတ်ချက်ပေးတာမျိုး ကော်မတီမှာ အစီရင်ခံစာမှာ ပြည့်ပြည့်စုံစုံပါရှိခြင်း မရှိတာကိုတော့ နားလည်ပေးလိမ့်မယ်လို့ ကျွန်တော်မျှော်လင့် ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကော်မတီအနေနဲ့ ဒီပဉ္စမပုံမှန်အစည်းအဝေးမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ MoU လက်မှတ်ရေးထိုးထားတဲ့အဖွဲ့ (၅၃)ဖွဲ့နဲ့တွေ့ဆုံခဲ့တာပါ။ ဒီနေရာမှာ ကျွန်တော်တို့ ဒီ ကိုယ်စားလှယ်တော်ကြီး ဦးသန်းစိုး အနေနဲ့ အမှတ်မှားသွားတာလည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ ပထမအကြိမ်မှာ (၄၃)ကြိမ်တွေ့တယ်။ ဒုတိယအကြိမ်မှာ (၅၃)၊ (၄၃)ဖွဲ့နဲ့ တွေ့တယ်။ ဟုတ်လား။ တတိယအကြိမ်မှာ (၅၃) ကြိမ်ဆိုတာ ကျွန်တော်တို့က အကြိမ်အရေအတွက်နဲ့ မဟုတ်ပါဘူး။ ကျွန်တော်တို့ အဖွဲ့အစည်းပါ။

ပထမအကြိမ်တုန်းက ကျွန်တော်တို့က ဒီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနနဲ့ MoU လက်မှတ်ရေးထိုးထားတဲ့ INGO အဖွဲ့အစည်း (၄၃)ဖွဲ့ပါ။ (၄၃) ကြိမ်မဟုတ်ပါဘူး။ နောက် ဒုတိယအကြိမ်မှာကျတော့ ကျွန်တော်တို့က ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနဲ့ MoU လက်မှတ် ရေးထိုးထားတဲ့ အဖွဲ့အစည်း (၅၃)ဖွဲ့ကို (၃)ရက်ခွဲတွေ့တာပါ။ ကျွန်တော်တို့ (၅၃)ကြိမ် တွေ့တာမဟုတ်ပါဘူး။ ဒါဆို ကျွန်တော်တို့က အကြိမ်အရေအတွက်များ ပြီးတော့ အစီရင်ခံစာရဲ့အပေါ်မှာ အားနည်းတယ်လို့ မှတ်ယူမှုလွဲသွားမှာစိုးလို့ ကျွန်တော် ဒါလေးကို ပြန်ပြီးတော့ လေးစားစွာ ပြန်လည်တင်ပြတာ ဖြစ်ပါတယ်။ နောက်ဒီနေရာမှာ ကျွန်တော်တို့က ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ကိုပဲ ထောက်ပြအကြံပြုထားတာလေးတွေ ပါတာဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ MoU လက်မှတ်ရေးထိုးထားတဲ့ INGO များနဲ့ပဲတွေ့တာ ဖြစ်တဲ့အတွက် ကြောင့် ကျွန်တော်တို့က ဒီ ကျန်းမာရေးနဲ့ ပတ်သက်တာလေးတွေကိုပဲ ထောက်ပြထားတာ ဖြစ်ပါတယ်။

ဒီနေရာမှာ တချို့ INGO များ ကျွန်တော်တို့ ဘာလုပ်ပါ၊ ညာလုပ်ပါလို့ ကျွန်တော်တို့ ကော်မတီအနေနဲ့တော့ သွားပြီးတော့ ဒါကို ကျွန်တော်တို့ ဒါကို Focus လုပ်ပြီးတော့ ပြောဖို့ခဲယဉ်း ပါတယ်။ တွေ့ရှိချက်လေးကို ကျွန်တော်တို့က ဒါဟာ အရပ်ဖက်အဖွဲ့အစည်း အစိုးရမဟုတ်တဲ့ ပြည်တွင်းပြည်ပအဖွဲ့အစည်းဖြစ်တဲ့အတွက် Donor ရဲ့ Interest အပေါ်မှာအခြေခံပြီးတော့ ဒီ သူတို့ ဆောင်ရွက်တာ ဖြစ်တဲ့အတွက်ကြောင့် ဘယ်လိုလုပ်ပါ၊ ဘာလုပ်ပါလို့ ကျွန်တော်တို့အနေနဲ့ အစီရင်ခံစာမှာ တွန်းတွန်းတိုက်တိုက်လုပ်ဖို့ နည်းနည်းခဲယဉ်းပါတယ်။ နောက် ဒီနေရာမှာ ကျွန်တော်တို့

ဦးသန်းစိုး မေးထားတဲ့ ပြည်ပအလုပ်သမားဆိုင်ရာနဲ့ ပတ်သက်တဲ့ ဥပဒေကတော့ သက်ဆိုင်ရာဝန်ကြီး ဌာနကနေပြီးတော့ ဒါကို ဆောင်ရွက်ဖို့ ပြန်လည်ပေးပို့ထားတာပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအစီရင်ခံစာမှာ ထည့်သွင်းခြင်းမရှိပါဘူး။ မြေပြင်စစ်ဆေးခြင်းအနေနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ ရှေ့လုပ်ငန်းစဉ်မှာ အခါအားလျော်စွာ ကျွန်တော်တို့ အခြေအနေအချိန်အခါအပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်ဖို့ ရှေ့လုပ်ငန်းစဉ်အနေနဲ့တော့ ကျွန်တော်တို့ သတ်မှတ်ထားတာ ရှိပါတယ်။ ချမှတ်ထားတာရှိပါတယ်။ နောက် ကျွန်တော်တို့ ဒေါ်နော်လှလှစိုး ဒီအကြံပြုတဲ့ အထဲမှာလည်း ကျွန်တော် အခြားသောဝန်ကြီးဌာနနဲ့ MoU လက်မှတ်ရေးထိုးထားတဲ့ INGO များနဲ့တွေ့ဆုံဖို့ အကြံပြု တာလည်း ကျွန်တော်တို့ ကြိုဆိုပါတယ်။

ကျွန်တော်တို့ ကော်မတီအနေနဲ့လည်း ကျန်ရှိနေသေးတဲ့ ကျွန်တော်တို့ ဒီ ဝန်ကြီးဌာနများနဲ့ MoU ရေးထိုးထားတဲ့ INGO များနဲ့လည်း သူ့တန်းစီဇယားအလိုက် တွေ့ဖို့စီစဉ်ထားပါကြောင်းလည်း ပြန်လည်ပြီးတော့ ကျွန်တော်တို့ ဖြေကြားလိုပါတယ်။ နောက်တစ်ခါ ဒေါက်တာဇော်လင်းထွဋ် အနေနဲ့ ကျွန်တော်တို့ ဒီ INGO များ အမှန်တကယ် ရောက်ရှိသင့်တာတွေကို စိစစ်ဖို့ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကျန်းမာရေးဝန်ကြီးဌာနကိုပါ အကြံပြုချက်ပါပါတယ်။ အခုလို ကျွန်တော်တို့ ဒီကော်မတီရဲ့ အစီရင်ခံစာရဲ့အပေါ်မှာ ရှေ့အစီရင်ခံစာရော နောက်အစီရင်ခံစာရောပါ စိတ်ဝင်တစား ဖတ်ရှုလေ့လာပြီးတော့ အကြံပြုချက်များ အပြုသဘောဆောင်သော အကြံပြုချက်များ၊ ဝေဖန် ထောက်ပြမှုများနှင့်အတူ ဆွေးနွေးပေးကြတဲ့ ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ပါတယ်။

လေးစားရပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ မဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးမှာ လုပ်ငန်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုလက်ခံ ပေးနိုင်ပါရန် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုတင်သွင်းအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၃**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၂း၃၃**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ် (၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၃၄**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်ကျန်းမာစိတ်ချမ်းသာပြီး မင်္ဂလာအပေါင်း ခညောင်းကြ ပါစေကြောင်း ဆုတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။

နိုင်ငံသားများ၏ မူလအခွင့်အအရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ နှင့်စပ်လျဉ်း၍ အပြုသဘောဆောင်တဲ့ ထောက်ခံဆွေးနွေးခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီးအား ကျေးဇူးအထူး တင်ရှိပါတယ်။ သတ်မှတ်ခွင့်ပြုပေးထားတဲ့ ဆွေးနွေးချိန် မိနစ်ပိုင်းကို လောက်ငှစေလိုသောကြောင့် အဓိကကျတဲ့ ကော်မတီရဲ့ ဆောင်ရွက်ခဲ့တဲ့အပိုင်းတွေကိုသာ ထောက်ခံအကြံပြုဆွေးနွေးသွားပါမယ်။ ကော်မတီရဲ့ပုံမှန်အစည်းအဝေး ပြုလုပ်ခြင်းများမှာ ဥက္ကဋ္ဌအပါအဝင် ကော်မတီအဖွဲ့ဝင် အားလုံးဟာ မပျက်မကွက် စုံစုံညီညီတက်ရောက်ခဲ့ကြတာ Attendance အရ သိရှိနိုင်ပါတယ်။ အလားတူစွာပဲ နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးနေရတယ်၊ မတရားခံနေရတယ်လို့ ယူဆပြီး ကယ်ဆယ်မှုမဲ့နေတဲ့ ကျွန်တော်တို့ ပြည်သူတွေဟာ တစ်ဦးချင်းသော်လည်းကောင်း၊ မိသားစုအလိုက် အဖွဲ့အစည်းအလိုက် သော်လည်းကောင်း တိုင်ကြားစာများ ရေးသားတင်ပြ အကူအညီတောင်းကြရာမှာ ကော်မတီရဲ့လုပ်ကိုင် ဆောင်ရွက်နိုင်ခွင့် မူဘောင်အတွင်းမှာ တိကျမှန်ကန်စွာ ဝေဖန်သုံးသပ်နိုင်တာဟာ ဥက္ကဋ္ဌတာဝန်ယူထားတဲ့ ဒေါက်တာဌေးကြွယ် ရဲ့ အသိဉာဏ်ပညာ ထက်မြက်မှုနဲ့ကော်မတီထဲမှာ ဥပဒေပညာရှင်တစ်ဦး တည်းပါတဲ့ ဦးဝင်းကြိုင် တို့ရဲ့ ဉာဏစွမ်းရည်များကြောင့် အခုလို အစစအရာရာ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်လို့ သုံးသပ်ရပါတယ်။ လုံးဝအမှားအယွင်းမရှိ တစ်ဖက်စွန်း မရောက်ခဲ့ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်မှန်ပြည့်ဝတဲ့ ဒီမိုကရေစီကို အသာထားပါဦး။ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ လူ့အခွင့်အရေးကို ရာနှုန်းပြည့် မဖြည့်ဆည်းပေးနိုင်သေးတဲ့ အချိန်ကာလမှာ ကျွန်တော်တို့ကော်မတီရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုတွေ အလွန်ကြီးမားကျယ်ပြန့်ပြီးတော့ သိမ်မွေ့

လှတယ်လို့ ခံယူမိပါတယ်။ ကော်မတီရဲ့လက်တွေ့ဆောင်ရွက်မှုများထဲမှ ကွင်းဆင်းစုံစမ်း စစ်ဆေးခြင်း လုပ်ငန်းကတော့ အထူးပင် အရေးကြီးလှတယ်လို့ ကျွန်တော်က ယူဆပါတယ်။ ပဉ္စမပုံမှန် အစည်းအဝေးကာလအတွင်း ဇွန်လ ၁ ရက်နေ့၊ အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ် သထုံမြို့၊ အကျဉ်းထောင်၊ ဇွန်လ ၂ ရက်နေ့ ရင်းငြိမ် ကုန်ထုတ်စခန်း၊ ဇွန်လ ၃ ရက်နေ့ တောင်စွန်းကုန်ထုတ် စခန်းများသို့ သွားရောက်လေ့လာရင်း နိုင်ငံသား အခွင့်အရေး၊ လူ့အခွင့်အရေးများ ဆုံးရှုံးမှု ရှိ/မရှိ စုံစမ်းစစ်ဆေး ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ကျွန်တော် အဓိကထား အကြံပြု ဆွေးနွေးလိုတာက အကျဉ်းထောင်၊ ရဲစခန်း၊ အချုပ်ခန်း၊ ရဲဘက်၊ အကျဉ်းသားတို့ရဲ့ ကုန်ထုတ်စခန်း၊ စိုက်ပျိုးရေးစခန်း များရဲ့ ဒါရိုက်တာ၊ ဇာတ်ညွှန်းဆရာ အစစ်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးတွေ ထောင်ပိုင်ကြီးတွေနဲ့ ထောင်ဝန်ထမ်းတွေပဲ ဖြစ်ပါတယ်။

နိုင်ငံသားတိုင်းရဲ့ မူလအခွင့်အရေး၊ လူ့အခွင့်အရေးတွေဆုံးရှုံးနေတာ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲအချုပ်၊ ရဲဘက်စခန်း တွေနဲ့တင်မကပါဘူး။ နေ့စဉ်နဲ့အမျှ ကြားသိနေရတဲ့ စက်ရုံအလုပ်ရုံတွေ၊ စိုက်ပျိုးရေး လယ်ယာသမား၊ ယာသမားတွေ လက်နက်မကိုင် ပဋိပက္ခဖြစ်နေတဲ့ ပြည်နယ်တွေ၊ Insergant Area မှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတဲ့ အစွန်အဖျား ကျေးလက် ဒေသတွေ၊ စစ်ဘေးရှောင်နယ်မြေတွေမှာ အများဆုံး ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ကပ်ဆိုးကြီးတွေ ဟာလည်း အဲဒီနေရာမှာ အဲဒီဒေသမှာ ပိုမိုပြင်းထန်စွာ ကျရောက်နေပါတယ်။ Insergant Area တွေမှာ တရားဝင်ရော၊ တရားမဝင်ရော မတရားအသင်း ကြေညာထားတဲ့ အဖွဲ့တွေရော လက်နက် စွဲကိုင်ပြီးတော့ ပြည်သူများအပေါ် ဥပဒေမဲ့ရက်စက်နေကြရာမှာ နိုင်ငံသားတစ်ယောက် ကျေးလက်နေ ပြည်သူတစ်ယောက်ရဲ့ ဘဝနဲ့အသက်ခန္ဓာဟာ ဘာအာမခံချက်မှ မရှိလောက်အောင် ဖြစ်နေပါတယ်။

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်မှာ ဖြစ်တဲ့ကိစ္စ၊ ဖားကန့်ကျောက်စိမ်းတွင်းမှာ ဖြစ်တဲ့ကိစ္စတွေ လူမှုကွန်ရက်ပေါ်မှာ တက်လာတာဟာ ကောလာဟလ မဟုတ်ပါဘူး။ ဒီတာဝန်ကြီးဟာ အမျိုးသား လူ့အခွင့်အရေးကော်မရှင်တို့ ကျွန်တော်တို့ လူ့အခွင့်အရေးကော်မတီတို့မှ မည်မျှ သက်စွန့်ကြိုးပမ်း ဆောင်ရွက်နေကြပေမဲ့ နိုင်ငံတော်ရဲ့ တရားဥပဒေစိုးမိုးရေးကို အခြေခံကျကျနဲ့ ထိထိရောက်ရောက် ဆောင်ရွက် တာဝန်ယူနေကြတဲ့ ဥပဒေဘက်တော်သားတွေ ကိုယ်တိုင်က အသိစိတ်ရှိရှိ တာဝန်သိသိနဲ့ သစ္စာရှိရှိ ဆောင်ရွက်ပါမှ စစ်မှန်မျှတတဲ့ အမှန်တရားဆိုတာ ပေါ်ပေါက်လာနိုင်မှာပါ။ ဒီ အခက်အခဲကြီးကို လွှတ်တော်ပိုင်းကသာ ပေါ်လွင်ထင်ရှားသွားအောင် မီးမောင်းထိုးပြလို့ရမယ်လို့ ကျွန်တော်မှ ယုံကြည်ခံယူပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ အုပ်ချုပ်ရေးပိုင်းက ဝန်ထမ်းတွေတောင် မရောက်တဲ့ ချောင်ဂလောင်ထဲက တောကြိုတောင်ကြားထဲ က ရွာတွေအထိ သွားရောက်ပြီး ပြည်သူတွေရဲ့ ဆန္ဒတွေကို ဖြည့်ဆည်းဖို့ ကြိုးစားနေကြပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ဒုတိယပင်လုံအစည်းအဝေး ကျင်းပနေတဲ့ရက်မှာ အစည်းအဝေး တက်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်ကြီးတွေနဲ့ တွေ့ဆုံရာမှာ သူက မေးပါတယ်။ မင်းတို့ရနေတဲ့ နိုင်ငံသားအခွင့်အရေးကို ငါ့တို့ကိုပေးမှာလား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ကော်မတီဟာ One Band Radio မဟုတ်ဘဲနဲ့ Three Band၊ Four Band Radio ဖြစ်အောင်

ဆောင်ရွက်သင့်ပါတယ်လို့ အကြံပြုရင်း ကျွန်တော်၏ ဆွေးနွေးချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၃၉**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၃၉**

**ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) လက်ပံတန်းမြို့နယ်နှင့် သာယာဝတီမြို့နယ်များကို ကိုယ်စားပြုတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၄-၇-၂၀၁၇ ရက်နေ့က အမျိုးသားလွှတ်တော်မှာ နိုင်ငံသားများရဲ့ မူလအခွင့်အရေး ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီက တင်သွင်း ခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား ထောက်ခံအကြံပြု ဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာအရ ၁၄-၃-၂၀၁၇ ရက်မှ ၃၀-၆-၂၀၁၇ ရက်နေ့အထိ သက်ဆိုင်ရာ ကော်မရှင်၊ ကော်မတီ၊ ဝန်ကြီးဌာနများ၊ ပြည်နယ်တိုင်းဒေသကြီး အစိုးရ အဖွဲ့များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က ပြန်ကြားခြင်းမရှိသေးတဲ့ အမှုတွဲ (၁၂)စောင် ကျန်ရှိကြောင်း သိရှိရပါတယ်။ သက်ဆိုင်ရာ ဌာနအသီးသီးက ကော်မတီကို အချိန်မီ ပြန်လည် အကြောင်းကြားပါမှ ကော်မတီမှတစ်ဆင့် သက်ဆိုင်ရာ နစ်နာသူ တိုင်ကြားသူများထံ အချိန်မီ ဆက်သွယ် အကြောင်းကြား အသိပေးနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်မှ ပြည်သူများက လွှတ်တော်ကို ပိုမိုပြီးတော့ ယုံကြည်အားကိုးလာကြမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တိုင်ကြားစာများ ကို အရေးယူဆောင်ရွက်ပြီးစီးမှု အကြောင်းအရာများကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကော်မတီထံသို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရများ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က ဆောလျင်စွာ ပြန်လည်အကြောင်းကြားပေးစေဖို့ နှိုးဆော် တိုက်တွန်းသင့်တဲ့အချက် ထည့်သွင်းသင့်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာရဲ့ စာမျက်နှာ(၂)၊ အပိုဒ် ၅(ဂ)ပါ သထုံ အကျဉ်းထောင် ရင်းငြိမ်ကျောက်ထုတ်စခန်း၊ တောင်စွန်းကျောက်ထုတ်စခန်းများကို ကွင်းဆင်း လေ့လာရာမှာ လေ့လာရေးအဖွဲ့ဝင်များ၊ အမှုတွဲများ၊ ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူရာမှာ အဝေးပြေးယာဉ်များနှင့် သွားလာအသုံးပြုရတဲ့အတွက် လုံခြုံမှု လုံးဝမရှိပါဘူး။ ထို့အပြင် ကွင်းဆင်းတဲ့ ဒေသအတွင်းမှာရှိတဲ့ အကျဉ်းထောင်၊ ကျောက်ထုတ်စခန်းများသို့ တစ်နေရာမှ တစ်နေရာ တစ်မြို့မှတစ်မြို့ ဆက်သွယ်သွားရောက်တဲ့ နေရာမှာ စစ်ဆေးရာမှာ အဆင်မပြေတဲ့အတွက် အမျိုးသားလွှတ်တော်က ကွင်းဆင်းအဖွဲ့ဝင် အားလုံးကို မည်သည့်ကွင်းဆင်းအဖွဲ့ဝင်များကိုမဆို

လွှတ်တော်မှ (၇)ယောက်စီးအထက် (၇)ယောက်နှင့်အထက် စီးနိုင်တဲ့ မော်တော်ယာဉ်တွေ အသုံးပြု ခွင့်ပေးမယ်ဆိုရင် ပေးအပ်တဲ့တာဝန်ကို ပိုမိုအဆင်ပြေစွာ ချောမွေ့စွာ ဆောင်ရွက်နိုင်မှာ ဖြစ်တဲ့ အတွက် အစီရင်ခံစာမှာ ထည့်သွင်းအကြံပြုသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၄၂**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၄၂**

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဒီ နိုင်ငံသားများ၏ မူလအခွင့်အရေး ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ အကြံပြု ဆွေးနွေးချက်များကို တစ်ပါတည်း ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီအစီရင်ခံစာရဲ့ ပထမနိဒါန်းမှာပဲ ဖော်ပြထားတဲ့အချက်က အရေးကြီးတဲ့အချက် ဖြစ်ပါ တယ်။ နိုင်ငံသားများ၏ နေ့စဉ်ကြုံတွေ့နေရသော လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုတွင် တရားမမျှတ၊ မမျှမတမှုများ၊ နည်းလမ်းမကျမှုများကို ရင်ဆိုင် တွေ့ကြုံနေရသော နိုင်ငံသားများ အနေဖြင့်ဆိုတော့ ဒါ နိုင်ငံသားများဟာ ဒီအခြေအနေတွေကို ရင်ဆိုင်တွေ့နေရတယ်ဆိုတာ ဒီ အစီရင်ခံစာအရ ဝန်ခံထားသလိုလည်း ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ဒီ လူ့အခွင့်အရေး၊ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် ကနေပြီးတော့ ဘယ်လိုနည်းလမ်းနဲ့ ကြိုးစား ဆောင်ရွက်မလဲဆိုတာကို ကျွန်တော်တို့က ဖြည့်စွက်ပြီးတော့ ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဒီလို ဆွေးနွေးတဲ့နေရာမှာ ကျွန်တော်ကို Power Point တင်ပြခွင့်ပေးပါ။ ဒါကတော့ ကျွန်တော်ဆွေးနွေးတဲ့တိုင်းမှာ ကော်မတီဟာ လွှတ်တော်အသေးစားများဖြစ်တဲ့ ကျန်တဲ့ ပုဒ်မ တွေလည်း ဒါ ကနဦးတုန်းက ကျွန်တော် ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။ ဒုတိယ Power Point ပြပါ။ ပြီးခဲ့တဲ့ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့မှ ကော်မတီက လုပ်ပိုင်ခွင့်များကို ကျွန်တော် အထူးပြုပြီး လေ့လာလိုက်တဲ့အချိန်မှာ အထက်ပါအချက်တွေ ကျွန်တော်တို့ တွေ့ရပါတယ်။

အဲဒီမှာ တတိယအချက်ဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အသိပညာပေးရေးနှင့် လိုက်နာဆောင်ရွက်ရေး ကျင့်သုံးရန်ဆောင်ရွက်ပေးရန် ဆိုတဲ့အချက်တစ်ချက် ရှိပါတယ်။ ဒုတိယ သက်ဆိုင်ရာ ဥပဒေ၊ သက်ဆိုင်ရာဌာနအသီးသီးက ကျင့်သုံးတဲ့ ဥပဒေများကို လေ့လာပြီးဖျက်သိမ်း အသစ်ပြင်ဆင်ရေးဆိုတဲ့ အချက်လဲ ပါပါတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၊ နိုင်ငံတကာ ပါလီမန်များ လူ့အခွင့်အရေးကော်မရှင်၊ ကုလသမဂ္ဂ လူ့အဖွဲ့များချိတ်ဆက်ပြီး ဆောင်ရွက်ရန်ဆိုတာ ပါပါတယ်။ နောက်ဆုံးအချက်ကတော့ ပြည်သူတို့ တိုင်ကြားစာ၊ အသနားခံစာ၊ တင်ပြစာ ကြားနာ စိစစ်ပြီး ကြားနာ စိစစ်ခြင်း ဆိုတာဖြစ်ပါတယ်။ သွားရောက်စစ်ဆေးပြီး ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့

အစီရင်ခံစာ တင်ပြရန်ဆိုတဲ့ အရေးကြီးတဲ့အချက်တွေ ကျွန်တော်တို့ ဒီနေရာမှာ အစီရင်ခံစာနှင့် ပတ်သက်ပြီးတော့ တွေ့ရှိချက်အချို့ကို ကျွန်တော် အနည်းငယ် အားနည်းတာကို အနည်းငယ် ဖြည့်စွက်ဆွေးနွေး လိုပါတယ်။ ဒါကြောင့်မို့ အသိပညာပေးတဲ့ လုပ်ငန်းတွေ၊ လူ့အခွင့်အရေးကော်မရှင်နဲ့ ပတ်သက်ပြီးတော့ တွေ့ဆုံခဲ့တဲ့ဟာတွေကို ပထမတုန်းက အစီရင်ခံစာတွေနဲ့ အခုတစ်ကြိမ်တင်တဲ့ အစီရင်ခံစာတွေမှာ တွေ့ဆုံခဲ့မှုရှိ/မရှိကို ကျွန်တော် အစီရင်ခံစာထဲမှာ ပြန်ရှာသော်ငြားလည်း ကျွန်တော့်ရဲ့ အားနည်းချက်ကြောင့် မတွေ့တာလား၊ ဒါမှမဟုတ် အစီရင်ခံစာမှာ မပါတာလား ဆိုတာကို ကျွန်တော် ဝေဖန်သုံးသပ်ရ ခက်ခဲပါတယ်။

တတိယ နောက်ဆုံးတစ်ချက်ကတော့ ကြားနာစိစစ်ခြင်း ဆိုတဲ့နေရာမှာ တိုင်ကြားသူတွေရဲ့ အစီရင်ခံစာနှင့် ပတ်သက်ပြီးတော့ ကြားနာစိစစ်ဖို့ အခွင့်အလမ်းတွေများ ဒီနေရာမှာ ထည့်သွင်း ရေးသားခဲ့မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ တိုင်ကြားစာတွေကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာကို လွှဲပြောင်းတာက တစ်ကဏ္ဍ၊ အကျဉ်းထောင်တွေကို စစ်ဆေးတာ တစ်ကဏ္ဍအပြင် ခုနတုန်းက ကျွန်တော်ပြောတဲ့အတိုင်းပဲ လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေး ဆိုင်ရာ စီမံခန့်ခွဲမှုတို့ဟာ မမျှမတဖြစ်နေတဲ့ နည်းလမ်းမကျမှုများကို ဘယ်လိုဖြေရှင်းမလဲ ဆိုတဲ့ အချက်တွေကို ဒီကော်မတီရဲ့ လုပ်ပိုင်ခွင့်အရ ကြည့်မယ်ဆိုရင် ဆောင်ရွက်ပေးသင့်ပါတယ်လို့ ကျွန်တော် ဖြည့်စွက်ဆွေးနွေးလိုပါတယ်။ ဒုတိယအချက်ကတော့ ဒုတိယ Power Point ဒီ Power Point ဟုတ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ပထမဆုံး ထောက်ပြရမှာက ပြီးခဲ့တဲ့ကာလက အမှုတွဲတွေ၊ ဒီနှစ်အမှုတွဲ(၄၀၈) ဆိုတဲ့နေရာမှာ ဆောင်ရွက်ပြီး (၂၀၄) နှင့် ယခုတစ်ကြိမ်မှာ (၂၃)ဆိုတာ ကျွန်တော်တို့ တွေ့ထားပါတယ်။ တကယ်တော့ ဒီအခြေအနေအရ ကြည့်ရမယ်ဆိုရင် (၅၀) ရာခိုင်နှုန်း တောင် မပြည့်သေးပါဘူး။ ဒါဟာ နည်းနည်းလေး ဒီထက်မကပိုပြီးတော့ ဆောင်ရွက်ပေးပါလို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ တတိယ ဆောင်ရွက်ပြီးလုပ်ငန်းများမှာ လယ်ယာမြေဗဟို ကော်မတီကို အမှုတွဲတွေ ပေးပို့တယ်။ ဝန်ကြီးဌာနကိုပေးပို့တယ်။

မှတ်တမ်းထိန်းသိမ်းတယ်ဆိုတဲ့ဟာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့က ဒီအချက်နဲ့ ပတ်သက်ပြီးတော့ နောက်ဆုံးအချက်မှာ ရေးထားပါတယ်။ ပြန်လည်စစ်ဆေးအရေးယူဆောင်ရွက်ချက် များကို ၎င်းကော်မတီကို ပြန်လည်သိရှိမှသာလျှင်ဆိုတဲ့ အချက်နဲ့ ချိတ်ဆက်ပြီးတော့ ပြန်လည်ပြောရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ Result က ဘာလဲဆိုတာကို ဒီနေရာမှာ ဖြည့်စွက်ဖို့ လိုပါတယ်။ နောက်တစ်ခုက ပြန်ကြားခြင်းမရှိသည့် ကြန့်ကြာတဲ့ အမှုတွဲများမှာ ပထမတစ်ချိန်တုန်းက (၆၉)မှု ရှိခဲ့ပါတယ်။ ယခုက(၁၂)မှုရှိပါတယ်။ ဒီအမှုတွေနှင့် ပတ်သက်ပြီးတော့ ဘယ်အဆင့် ရောက်နေပြီလဲ၊ ဘယ်အခြေအနေဖြစ်နေပြီလဲ ဆိုတာ နိုင်ငံသားများက ခုနအတိုင်းပဲ နစ်နာဆုံးရှုံးတဲ့ နိုင်ငံသားများက သိလိုကြမှာ ဖြစ်ပါ တယ်။ အဲဒီတော့ ကြားနာစစ်ဆေးမှုတွေနဲ့လည်း ကျွန်တော်တို့ စီစဉ်ပြီးတော့လုပ်ဖို့ ဒီနေရာမှာ တိုက်တွန်းလိုပါတယ်။

နောက်ဆုံး နိဂုံးချုပ်အနေနဲ့ ကော်မတီရဲ့ သုံးသပ်ချက်လေးကိုပြပါ။ နောက် Power Point ကို ပြပါ ခင်ဗျား။ ဒီတော့ မနှစ်က ပထမအစီရင်ခံစာနဲ့ ဒုတိယအစီရင်ခံစာမှာလည်း ကျွန်တော်တို့ ဒီ အစီရင်ခံ စာတွေရဲ့ သုံးသပ်ချက်ကို ပြန်လေ့လာတဲ့အခါမှာ ပထမတုန်းက အစီရင်ခံစာလည်း ဒီ

Clause ပဲ ဖြစ်ပါတယ်။ ဒုတိယအစီရင်ခံစာမှာ ဒီ Clause ပဲ ဖြစ်နေတဲ့အခါကျတော့ ကျွန်တော်တို့က တွေ့ရှိချက်တွေ၊ သုံးသပ်ချက်တွေ၊ ကြားနာစိစစ်မှုတွေ၊ ခုနတုန်းကပြောတဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေမှာ ဘာတွေအသစ်တွေ့ရှိသလဲ၊ ဘယ်လိုထိထိရောက်ရောက် ဆောင်ရွက်သလဲ ဆိုတဲ့ဟာတွေကို နောက်များ အစီရင်ခံစာ တင်သွင်းတဲ့နေရာမှာ ဖြည့်စွက်ပြီးတော့ ရေးသားဖော်ပြပေးပါလို့ ကျွန်တော် ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၄၇**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၄၇**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဇူလိုင်လ ၂၄ ရက်နေ့မှာ ဖတ်ကြားတင်သွင်းသွားတဲ့ အမျိုးသားလွှတ်တော် နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာများအပေါ်ကို အပြုသဘော ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ကာလအတွင်းမှာ ကော်မတီအစည်းအဝေးပြုလုပ်တာ (၁၂)ကြိမ်၊ တိုင်ကြားစာ(၇၃)စောင်ထဲမှာ စိစစ်တဲ့စာက (၂၈)စောင်၊ အကျဉ်းထောင်သို့(၁)ကြိမ်၊ ကုန်ထုတ်စခန်းသို့(၂)ကြိမ် သွားရောက်ခဲ့ကြောင်း သိရပါတယ်။ ဒီ အစီရင်ခံစာမှာ ဆိုလို့ရှိရင် စာမျက်နှာ(၅)၊ အမှတ်(၁၁)မှာဆိုလို့ရှိရင် ဒီကော်မတီရဲ့ သုံးသပ်အကြံပြုချက်မှာ သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဌာနအဖွဲ့အစည်းများရဲ့ ဖြေရှင်းဆောင်ရွက်ချက်များအား ဤကော်မတီသို့ အချိန်မီ ပြန်လည်ပို့နိုင်ရေးအတွက် လွှတ်တော်က စောင့်ကြပ်ထိန်း ညှိပေးသင့်ပါသည် ဆိုတာကို ရေးထားပါတယ်။ ကျွန်မနားလည်သမျှဆိုလို့ရှိရင် စောင့်ကြပ်ထိန်းညှိခြင်း (Check and Balance) ဆိုတာက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒီကော်မတီက ပြုလုပ်ရမှာ ဖြစ်ပါတယ်။ လွှတ်တော်က စောင့်ကြပ်ထိန်းညှိပေးသင့်တယ် ဆိုတာက ဘာကိုဆိုလိုတယ်ဆိုတာကို မသိနိုင်ပါဘူး။

နောက်ပြီးတော့ နောက်တစ်ချက်အနေနဲ့ ကော်မတီရဲ့ သော့ချက်ကျတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်တဲ့ ကြားနာခြင်း အစီအစဉ်များကိုလည်း လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များနဲ့ ပြုလုပ်သင့်ကြောင်းကို အကြံပေးလိုပါတယ်။ တစ်ဖန် အလွန်အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ မြန်မာနိုင်ငံမှ ကမ္ဘာ့ကုလသမဂ္ဂကို (၄)နှစ်(၁)ကြိမ် တင်သွင်းရတဲ့ လူ့အခွင့်အရေး အစီရင်ခံစာကို ကော်မတီက ပံ့ပိုးကူညီမှုများကို ပြုလုပ်သင့်ပါတယ်။ ဒီ ကုလသမဂ္ဂက ထုတ်ပြန်တဲ့ Universal Periodic Review (UPR) အပေါ်ကိုလည်း သုံးသပ်ခြင်းများကိုလည်း ပြုလုပ်

သင့်ပါတယ်။ ဒီ UPR အပေါ်မှာ အကြံပြုထားတာ မှတ်ချက်ပြုထားတာ အချက်(၂၀၀)ကျော် တယ်ဆိုတာကို သိရပါတယ်။ မြန်မာနိုင်ငံဟာ လူ့အခွင့်အရေး အခြေအနေနဲ့ ပတ်သက်ပြီးတော့ နှစ်ပေါင်းများစွာ နိုင်ငံတကာက စောင့်ကြည့်ခံရတဲ့နိုင်ငံ ဖြစ်ပါတယ်။ အခုလို လူထုကနေပြီးတော့ တင်မြှောက်လိုက်တဲ့ အစိုးရခေတ်မှာဆိုလို့ရှိရင် UPR(Report) အဆင့် ကောင်းစေရန် ကော်မတီကလည်း အင်တိုက်အားတိုက် ပါဝင်ကူညီသင့်ပါတယ်။ တစ်ဖန် ဒီ UN ကနေပြီးတော့ တိုက်တွန်းထားတဲ့ Convention on against Torture ညှဉ်းပန်းနှိပ်စက်မှုများကို ဆန့်ကျင်တဲ့ သဘောတူစာချုပ်ကိုလည်း ချုပ်ဆိုနိုင်ရန်အတွက် ကော်မတီကနေပြီးတော့ နိုင်ငံတော်ကို တိုက်တွန်းသင့်ပါတယ်။ လွှတ်တော်ကော်မတီရဲ့ လုပ်ငန်းများဟာ လွှတ်တော်ရဲ့အသက် ဖြစ်ပါတယ်။ ကော်မတီတွေ တက်ကြွစွာ အလုပ်လုပ်မှသာလျှင် လွှတ်တော်ကလည်း အသက်ဝင်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ အမျိုးသားလွှတ်တော်၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ထိန်းညှိခြင်း၊ Check and Balance၊ လက်ရှိဥပဒေများကို သုံးသပ်ခြင်း၊ ကြားနာခြင်း အစီအစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပြုလုပ်သွားနိုင်ပါက ပိုမိုပြည့်စုံတဲ့ လုပ်ငန်းရပ်များဖြစ်မယ်ဆိုတာကို အပြုသဘော ဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၂း၅၁**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၂၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၅၂**

**ဒေါက်တာဌေးကြွယ် (ဥက္ကဋ္ဌ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ကိုယ်စားလှယ်တော်ကြီးများကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဌေးကြွယ် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ အခု

ကျွန်တော်တို့ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်တို့ ကော်မတီကိုယ်စား အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီနှင့် ပတ်သက်ပြီးတော့ ဖော်ဆောင်လာတာဟာ အချိန်ကာလအားဖြင့် နုနယ်သေးတဲ့အတွက် မို့လို့ ကျွန်တော်တို့ ကော်မတီရဲ့ ဒီမိုကရေစီအရေးနှင့် ပတ်သက်ပြီးတော့ လှုပ်ရှားမှုတွေအကုန်လုံးကို ကိုယ်စားလှယ်တော်ကြီးများ အနေနဲ့ ရာနှုန်းပြည့်ပေါ့နော်၊ စိတ်တိုင်းကျ မဆောင်ရွက်နိုင်ခဲ့ဘူးဆိုတာတော့ နားလည်ပေးဖို့ ကျွန်တော့်အနေနဲ့ ဦးစွာပထမ ပြောကြားလိုပါတယ်။

ကျွန်တော်တို့လည်း ရတဲ့ တတ်စွမ်းသလောက်နဲ့တော့ပေါ့နော်၊ ကျွန်တော်တို့ကော်မတီဟာ အစည်းအဝေးတွေကို ပုံမှန်ကျင်းပခဲ့ပါတယ်။ တိုင်ကြားစာများကိုလည်းပဲ ကျွန်တော်တို့ ကွင်းဆင်းလေ့လာသင့်တဲ့ဟာများကိုလည်း ကွင်းဆင်းလေ့လာပြီးတော့ လူ့အခွင့်အရေးနှင့် ပတ်သက်လို့ ကျွန်တော်တို့ အကျဉ်းထောင်များမှာ မည်သို့မည်ပုံ ခံစားနေရတယ်ဆိုတာကို ကျွန်တော်တို့ လေ့လာပြီးတော့ ဥက္ကဋ္ဌကြီးဆီကို အစီရင်ခံစာများ တင်ပြပေးခဲ့ပါတယ်။ နောက်တစ်ခုက ဒီ အရပ်ဖက်အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ ကော်မတီတွေ့ဆုံဖို့ ဆိုတာကတော့ ကျွန်တော်တို့ အကုန်လုံးနှင့် မတွေ့နိုင်ပေမယ့်လည်း မြန်မာနိုင်ငံ နိုင်ငံသားအကျဉ်းသားများ အဖွဲ့အစည်းနဲ့တော့ တွေ့ဆုံပြီးတော့ မနှစ်က ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေ ပါဝင်တဲ့ ဆွေးနွေးပွဲကို ကျွန်တော်တို့ လုပ်ပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ အခုကိုယ်စားလှယ်တော်များ ဆွေးနွေးတင်ပြသွားတဲ့ အချက်တွေကိုလည်းပဲ လာမယ့်နှစ်တွေမှာ ပြီးပြည့်စုံအောင် ကျွန်တော်တို့ ဆောင်ရွက်သွားပါမယ်လို့ ပြောကြားရင်းနှင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကို တင်သွင်းပြီးတော့ အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၂း၅၄**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၅၅**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစည်းအဝေးပြီးဆုံးချိန်မှာ ဆောင်ရွက်မယ့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့် စပ်လျဉ်းတဲ့ ရှင်းလင်းတင်ပြခြင်း အခမ်းအနား စီစဉ်ဆောင်ရွက်တဲ့ မြန်မာ့စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (CESD) က ကြက်ဆီထမင်း ကျွေးမွေးရန် စီမံထားပါသဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး ထမင်းစားခန်းမမှာ သုံးဆောင်နိုင်ပါကြောင်း အသိပေးအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၁၂း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]